ခန္တီ စ တော မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၁၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၅၂)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကက်သလစ်အသင်းတော်မှ ဆရာတော်ကြီးများအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် The Apostolic Delegate from Rome for Myanmar, Brunei Darussalam, Laos and Malaysia and who is also The Apostolic Nuncia for Thailand, Cambodia and Singapore, Office in Bangkok His Grace Archbishop Salvatore Pennacchia၊

စာမျက်နှာ ၃ ကော်လံ ၁ ✻

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် The Apostolic Delegate from Rome for Myanmar, Brunei Darussalam, Laos and Malaysia and who is also The Apostolic Nuncia for Thailand, Cambodia and Singapore, Office in Bangkok His Grace Archbishop Salvatore Pennacchia၊ 1st Counsellor of Apostolic Nunciature in Bangkok Rev. Msgr. Francis Cao Minh Dung၊ ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး မြန်မာတစ်ပြည်လုံးဆိုင်ရာ ကက်သလစ်ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ Archbishop Charles Maung Bo နှင့် လွိုင်ကော်ကက်သလစ်ဂိုဏ်းအုပ်ဆရာတော်ကြီး Bishop Sotero Phamo တို့အား ကုန်းမြင့်သာရှိ ဧည့်ဂေဟာသိရိ

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဂန္ထဝင်တေးသီချင်းများနှင့် မြဝတီအငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ညီလာခံကိုယ်စားလှယ်များအား ဂန္ထဝင်တေးများနှင့်မြဝတီအငြိမ့် ဖျော်ဖြေမှုကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၀

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှ စတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် တေးဂီတနှင့် မြဝတီအငြိမ့် ဖျော်ဖြေတင်ဆက်ခဲ့သည့်ဖျော်ဖြေမှုကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှု အားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၄ ✡

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

အတိတ်က ခါးသီးဖွယ်ဒုက္ခအပေါင်းမှ ပြည်သူလွတ်ကင်းအောင်ကာကွယ် နိုင်ငံတော်သစ်ကို ပြည်သူတို့နှင့် လက်တွဲတည်ဆောက်

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏တာဝန်အရပ်ရပ် လွှဲယူခဲ့ရသည့်အချိန်တွင် မျက်မှောက်ခေတ် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသည့် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ အနာဂတ်တွင် တည်ဆောက်သွားမည့် နိုင်ငံတော်အတွက် အခြေခံကောင်းများကိုလည်း တည်ဆောက်ရန် ဦးတည်ခဲ့သည်။

ဇွန်လ ၉ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကား မြွက်ကြားရာတွင်–

"အနာဂတ်နိုင်ငံတော်တွင် ဒီမိုကရေစီကျင့်စဉ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးတို့သည် ပဓာနကျသည့် အခြေခံလိုအပ်ချက် သုံးရပ်ဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ် ဖွံ့ဖြိုးရေးနှင့် ခိုင်မြဲရေးကို အလွန်လက်တွေ့ကျသည့် လုပ်ငန်းစဉ်များဖြင့် တည်ဆောက်ကြရမည်ဖြစ်ကြောင်း"

လမ်းညွှန် မိန့်ကြားသွားသည်။

ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးသည် အလွန်လက်တွေ့ကျသည့် လုပ်ငန်းစဉ်များဖြစ်သည်။ ချမှတ်သည့် လုပ်ငန်းစဉ်များသည် နိုင်ငံ၏ပကတိအခြေအနေနှင့် ကိုက်ညီရန်လည်း လိုအပ်သည်။ အရင်းအမြစ်အားလုံး ဖွံ့ဖြိုးလာစေရန် တည်ဆောက်ရင်း အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေးရှုဖော်ဆောင်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အတွင်း နှစ်ပေါင်း ၄၀ ကျော် ခံစားခဲ့ရသည့် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းစေရန် တောတွင်းလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။ လက်နက်ကိုင် ၁၇ ဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် အပြန်အလှန်နားလည်မှုယူပြီး နယ်စပ်ဒေသအသီးသီးတွင် တည်ငြိမ်အေးချမ်းမှုကို ရယူခဲ့ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြဋ္ဌာန်းပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား လူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသ အေးချမ်းသာယာရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။

ယင်းလုပ်ငန်းစဉ်များအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ယခုအချိန်အထိ ကျပ်သန်းပေါင်း ၅၆၀၀၀ ကျော်နှင့် နိုင်ငံခြားငွေ ဒေါ်လာသန်း ၅၅၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံတော်၏ အဓိကစီးပွားရေးဖြစ်ပြီး ကျေးလက်ပြည်သူတို့၏ စီးပွားရေးဘဝဖြစ်သည့် လယ်ယာစိုက်ပျိုးရေးအတွက် အခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် တည်ဆောက်လျက်ရှိသည်။ စိုက်ပျိုးရေးအပြင် စက်မှုနှင့် အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးရေးကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် အခြားအခြေခံအဆောက်အအုံများဖြစ်သည့် မော်တော်ကားလမ်းများ၊ တံတား များ၊ မီးရထားလမ်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးရေးအခြေခံမူသည် နိုင်ငံတစ်ဝန်းလုံးညီမျှသည့် ဖွံ့ဖြိုးရေးကို ရှေးရှုထားရာ တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး အခြေခံလိုအပ်ချက်များကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံ၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသ၏ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တွင် နိုင်ငံရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍကဲ့သို့ပင် လူမှုရေးကဏ္ဍကိုလည်း အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။ အမျိုးသား ပညာရည်မြင့်မားရေးကို အထူးလေးနှစ်စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ခဲ့သည်။ လူ့စွမ်းအားမြင့်မားရေးတွင် ပြည်သူများ ကျန်းမာကြံ့ခိုင်စေရန်လည်း အထူးအာရုံစိုက်ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များ၏အားကို နိုင်ငံတော်အတွက်လိုအပ်သည့် လူ့စွမ်း အားအဖြစ် ခံယူသည့်အလျောက် အတိတ်နိုင်ငံရေးသမိုင်းတွင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည့် ခါးသီးဖွယ်ရာ ဒုက္ခအပေါင်းမှ ပြည်သူများလွတ်ကင်းအောင် ကာကွယ်လျက် နိုင်ငံတော်သစ်ကို တိုင်းရင်းသားပြည်သူ များနှင့် ခိုင်ခိုင်မြဲမြဲ လက်တွဲတည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

မြဝတီရုပ်မြင်သံကြား

၁၁-၆-၂၀၀၄
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် English Literature Poetry (အင်္ဂလိပ်စာအထူးပြု–တတိယနှစ်)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၂၆)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အခြေခံမြေတိုင်း သင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန် ဇွန် ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၆ ရက် ညနေပိုင်းက ကျောက်ဆည်မြို့ ရွှေသာလျောင်းတော်သို့ရောက်ရှိပြီး ညောင်ပင် ၂၀၀ စိုက်ခင်းကို လည်းကောင်း၊ ရွှေသာလျောင်းတောင် မဟာမြတ်လေးဆူ ဆုတောင်းပြည့်ဘုရားကုန်းရင်ပြင်နှင့် တောင်တန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း ကျောက်ဆည် သစ်ဆိုင်သို့ရောက်ရှိပြီး သစ်ခွဲသားများရောက်ရှိမှု၊ ပြည်သူများသို့ ရောင်းချပေးမှုအခြေအနေများကို စစ်ဆေးသည်။

ဇွန် ၇ ရက် နံနက်ပိုင်းတွင် ဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ မြေတိုင်းကျောင်းခန်းမ၌ ပြုလုပ်သော အခြေခံမြေတိုင်းသင်တန်း အပတ်စဉ်(၆၂) သင်တန်းဆင်း အောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဇွန် ၈ ရက် နံနက်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ရှိ မြန်မာ့သစ်လုပ်ငန်း သစ်ဆိုင်၊ အမှတ်(၈၄) သစ်စက်၊ မန္တလေးဖောင်ဖွဲ့ရေးနယ် စစ်ကိုင်းသစ်ဆိပ်၊ ရွှေကြက်ယက်သစ်ဆိပ်၊ အောင်မြေသာစံမြို့နယ်ရှိ သစ်အရောင်းဆိုင်၊ အမရပူရ သစ်အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

နေ့လယ်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးစက်မှုဇုန်ရှိ HI-TECH အဆင့်မြင့် သစ်ထွက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံကိုလည်းကောင်း၊ မြန်မာ–မကောင်း သစ်အခြေခံ စက်မှုအလုပ်ရုံကိုလည်းကောင်း၊ ရွှေချိန်း သစ်အချောထည် စက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၁၀

ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မေ ၂၇ ရက် နံနက် ၁၁ နာရီက သာဓုအနောက်ရပ်ကွက် ရပ်ကွက်ရုံးတွင် "ရောင်ခြည်ဦး" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲ၊ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုလတ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင် ဒေါ်ညွန့်ညွန့်ချစ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုလတ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြောင်း၊ နယ်လှည့်စာကြည့်တိုက် ဖွင့်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ခင်သန်းလှက စာကြည့်တိုက်အကြောင်း ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

✻ **ရှေ့ဖုံးမှ**

1st Counsellor of Apostolic Nunciature in Bangkok Rev. Msgr. Francis Cao Minh Dung ရန်ကုန် ကက်သလစ် ဂိုဏ်းချုပ် ဆရာတော်ကြီး မြန်မာတစ်ပြည်လုံး ဆိုင်ရာ ကက်သလစ် ဆရာတော်များ အဖွဲ့ဥက္ကဋ္ဌ Archbishop Charles Maung Bo နှင့် လှိုင်ကော် ကက်သလစ်ဂိုဏ်းအုပ် ဆရာတော်ကြီး Bishop Sotero Phamo တို့အား ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဝင်းအောင်၊ အစိုးရ အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန် ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက် ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်, The Apostolic Delegate from Rome for Myanmar, Brunei Darussalam, Laos and Malaysia and who is also The Apostolic Nuncia for Thailand, Combodia and Singapore, Office in Bangkok His Grace Archbishop Salvatore Pennacchia၊ 1st Counsellor of Apostolic Nunciature in Bangkok Rev. Msgr. Francis Cao Minh Dung ရန်ကုန် ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး မြန်မာတစ်ပြည်လုံးဆိုင်ရာ ကက်သလစ်ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ Archbishop Charles Maung Boနှင့် လှိုင်ကော် ကက်သလစ် ဂိုဏ်းအုပ်ဆရာတော်ကြီး Bishop Sotero Phamoတို့အား လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒို့သန္နိဋ္ဌာန်

☆ ဖြောင့်ဖြောင့်တန်းတန်း၊ လမ်းမပေါ်မှာ
ဒို့လျှောက်တာကို၊ ရှေ့မှာဆီးကာ
နောက်ကလိုက်ဆွဲ၊ သဲကြီးမဲကြီး
ဒို့ခရီးစဉ်
ပျက်လျှင်ပြီးရော၊ ဒီသဘောနှင့်
မနောစိတ်ပုပ်၊ အကြံယုတ်ဖြင့်
လုပ်၍နေစေ၊ မတွေဝေ။

☆ ရှေ့ကကာလည်း၊ လမ်းမလွှဲဘူး
လျှောက်မြဲလျှောက်မှာ၊ လက်တွဲကာဖြင့်
လိုရာခရီး၊ သတ်မှတ်ပြီးကို
အပြီးရောက်အောင်၊ ဒို့လျှောက်မှာ။

☆ နောက်ကဆွဲလည်း၊ ဒို့မလဲဘူး
တူတွဲလျှောက်သွား၊ ဒို့လူများလက်
ပြုတ်မထွက်ဘူး၊ တွဲလက်မြဲမြံ
ရောက်ရန်ခရီး၊ သတ်မှတ်ပြီးကို
အပြီးရောက်အောင်၊ ဒို့လျှောက်မှာ။ ။

ပိုးဝ

မြန်မာ့ရုပ်မြင်သံကြား

၁၁–၆–၂၀၀၄
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၈။ ဖောင်းကတောရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English For Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၀ ၈။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်"** (အကယ်ဒမီဇင်ဝိုင်း၊အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင်) (ဒါရိုက်တာ–ဝင်းထွန်းဝင်း)
၁၇:၄၅ ၉။ ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု
၁၇:၅၅ ၁၀။ မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက် သစ်ပင်စိုက်
၁၈:၁၀ ၁၁။ Discovery
၁၈:၂၀ ၁၂။ နှောင်းခေတ်တေးပဒေသာ
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း–၃၀)
၁၉:၃၀ ၁၆။ ရခိုင်ပြည်နယ် (အပိုင်း–၂)
၁၉:၄၀ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ဆိုဗီယက်ရုရှားပြန်ဦးမောင်မောင်(ဆပ်ကပ်ပညာဒီပလိုမာ)၊ အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်(အပိုင်း–၂)

☆ *ကျောဖုံးမှ*

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းရှင်တို့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးပါတီမှ ဦးစံသာအောင်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း၊ အကြံပြုစာတမ်းရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်မှ ဦးထွန်းကျော်၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့ တက်ရောက်ကြပြီး စာတမ်းပြုစုရေးဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)မှဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ တက်ရောက်ကြပြီး အကြံပြုစာတမ်း ပြုစုရေးသားရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့်စာတမ်းရှင်တို့ ညှိနှိုင်းဆွေးနွေးပွဲကို ခန်းမ(၂)၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဂန္ဓဝင်တေးသီချင်းများနှင့် မြဝတီအငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ပွဲတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က မြဝတီအဖွဲ့သို့ ချီးမြှင့်သည့်ဂုဏ်ပြုဆုငွေများကို စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✡ ***အမျိုးသားညီလာခံမှ***

ယင်းသို့ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေတင်ဆက်ရာတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ညီလာခံ ကိုယ်စားလှယ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များအား 'တို့အောင်ပွဲ' တေးသရုပ်ဖော်အစီအစဉ်ဖြင့် မြဝတီအငြိမ့်အဖွဲ့က သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမျိုးသား ညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော ဂီတပညာရှင် စန္ဒရား (ဦး)ချစ်ဆွေနှင့် တေးသံရှင် ကိုမင်းနောင်တို့က ဂန္ဓဝင်တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေကြသည်။

သီဆိုဖျော်ဖြေ

ထို့နောက် တေးသံရှင်များဖြစ်ကြသော သီရိကိုကို၊ ကော့မိုင်၊ နန်းမြတ်သန္တာကိုနှင့် ရင်ဂိုတို့က တေးသံသာများဖြင့် သီဆို ဖျော်ဖြေကြသည်။

ဆက်လက်၍ ခေါင်းဆောင်မင်းသမီး ဝိုင်းချစ်ချစ်အောင်၊မင်းသမီး အေးအေးဦး၊လူရွှင်တော်များဖြစ်ကြသော နေကြာ၊ငှက်ရိုး၊ အာနီ၊ တက်ပု၊ စင်ကြယ်နှင့် ပြောင်ပြောင် တို့ပါဝင်သော မြဝတီအငြိမ့်အဖွဲ့က ညှော့ခံဖျော်ဖြေပြီး အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဂီတပညာရှင် စန္ဒရား (ဦး) ချစ်ဆွေနှင့် တေးသံရှင် ကိုမင်းနောင်တို့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်က မြဝတီ အငြိမ့်အဖွဲ့သို့ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လည်းကောင်းပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဘုရှ်၏ အရှေ့အလယ်ပိုင်း ပြုပြင်ပြောင်းလဲရေး မဟာစီမံကိန်း အောင်မြင်မှုရမည်မဟုတ်ဟု တူရကီဝန်ကြီးချုပ်ဝေဖန်

အန်ကာရာ ဇွန် ၉

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမဟာစီမံကိန်းသည် အစ္စရေး-ပါလက်စတိုင်း အကြမ်းဖက်မှုကိုအဆုံးသတ်စေခြင်းမရှိဘဲ၊ အီရတ်တွင်လည်း ငြိမ်းချမ်းရေးရခြင်းမရှိဘဲ အရေးနိမ့်လိမ့်မည်ဟု တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂန်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

ပြောကြား

အရှေ့အလယ်ပိုင်းကိစ္စအတွက် ဘုရှ်အပြင် အခြားကမ္ဘာ့ခေါင်းဆောင်များနှင့် ဆွေးနွေးရန် အမေရိကန် ပြည်ထောင်စုသို့ မသွားမီ သတင်းထောက်များကိုပြောကြားရာ၌ အာဒိုဂန်က ထိုသို့ပြောကြားခြင်းဖြစ်သည်။အကယ်၍ မိမိတို့သည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကတွင် စစ်မှန် သော ဒီမိုကရေစီနှင့် မဟာဗျူဟာ ပြုပြင်ပြောင်းလဲမှုလုပ်လိုလျှင် မိမိတို့သည် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခတွင် အကြမ်းဖက်မှုကို အဆုံးသတ်မည့် မူဝါဒနှင့် အီရတ်အခြေအနေပုံမှန်ဖြစ်စေမည့်မူဝါဒကို မိမိတို့ လိုက်နာကျင့်သုံးရန်ရှိသည်ဟု ၎င်းက ပြောကြားသည်။

ဖိတ်ကြား

သမ္မတဘုရှ်သည် သူ၏ အရှေ့အလယ်ပိုင်းဒေသ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာစီမံကိန်းကို ထောက်ခံမှုအား ကျားကန်ပေးရန် ကြိုးပမ်းသည့်အနေဖြင့် ဂျော်ဂျီယာပြည်နယ်၌ကျင်းပသော ဂျီ-၈ ထိပ်သီးအစည်းအဝေးသို့ ဖိတ်ကြားခဲ့သည်။

အီဂျစ်နှင့် ဆော်ဒီအာရေဗျအပါအဝင် အာရပ်နိုင်ငံအများအပြားသည် ဂျီ-၈ ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို ပယ်ချခဲ့သည်။ ဘုရှ်၏ စီမံကိန်းသည် အနောက်အုပ်စု၏ အဆင့်အတန်းစံနှုန်းကို ပြဋ္ဌာန်းခြင်းပင်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ကန်တပ်ဖွဲ့နှင့် ပူးပေါင်းသော အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦး စိန်ပြောင်းကျည်ထိမှန်သေဆုံး

ဖော်လူဂျာ(အီရတ်) ဇွန် ၁၀

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများက ဗုဒ္ဓဟူးနေ့၌ စိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့များနှင့် ပူးပေါင်းသော အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ဦး သေဆုံးခဲ့ကြောင်း တပ်ဖွဲ့က ပြောကြားသည်။

ဖော်လူဂျာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျား တပ်ဖွဲ့ဝင်များ တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားခဲ့ပြီးနောက် ပြီးခဲ့သည့်လ၌ ဖော်လူဂျာတွင် စစ်ပြည်အေးငြိမ်းခဲ့ ချိန်မှ စပြီးဗိုလ်ချုပ်ကြီး မိုဟာမက် လာတစ်ဖ်၏ တပ်ဖွဲ့ကို ယခုတိုက်ခိုက်ခြင်းသည် ပထမဆုံးဖြစ်သည်။ ယင်းတိုက်ခိုက်မှု တွင် ၁၀ဦးဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

စိန်ပြောင်းကျည်သည် လုံခြုံရေး တပ်ဖွဲ့များ၏ အိမ်ရာစခန်းကို ထိမှန်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ/ရိုက်တာ

ဘာဆာရာမြို့ တောင်ဘက်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များအားပစ်ခတ်တိုက်ခိုက်ရန် ပြင်ဆင်နေသည့် အီရတ်ပြောက်ကျားများကို ဇွန်၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



လုံခြုံရေးအခြေအနေတည်ငြိမ်မှသာ အီရတ်သို့ ကုလ အမှုထမ်းများ ပြန်သွားမည်

ကုလသမဂ္ဂ ဇွန် ၉

ဇွန်၃၀ ရက်၌ အမေရိကန်၊ ဗြိတိသျှသိမ်းပိုက်မှု နိဂုံးချုပ်ပြီးနောက်ပိုင်း အီရတ်အနာဂတ်နှင့် စပ်လျဉ်းသည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း ဆန္ဒမဲပေးအတည်ပြုလာခဲ့ကြသည့်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က အင်္ဂါနေ့၌ ချီးကျူးစကား ပြောကြားလိုက်သည်။

အသစ်ဖွဲ့စည်းသောအီရတ် ကြားဖြတ် အစိုးရကို ထောက်ခံထားပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာ၃၁ ရက်၌ရွေးကောက်ပွဲ ကျင်းပသည်အထိ အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် အများစုဖြစ်သော နိုင်ငံစုံတပ်ဖွဲ့အား ရှိနေခွင့်ပေးသည့် ဆုံးဖြတ်ချက် မူကြမ်းကို ၁၅နိုင်ငံပါရှိသည့် လုံခြုံရေးကောင်စီက အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

မျှော်လင့်

ကိုဖီအာနန်က ဇွန်၃၀ရက်၌ အုပ်ချုပ်ရေးလွှဲပေးပြီးနောက်ပိုင်း အီရတ်နိုင်ငံတွင်လုံခြုံရေးအခြေအနေတိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ပြောဆိုသည်။

တိုက်တွန်း

အီရတ်ပြည်သူများနှင့် နိုင်ငံတကာဆိုင်ရာ အသိုင်းအဝိုင်းတို့က ဇန်နဝါရီ ရွေးကောက်ပွဲများအထိ နိုင်ငံကို အုပ်ချုပ်ထားမည့်ကြားဖြတ်အစိုးရကို ထောက်ခံကြရန် ကိုဖီအာနန်က တိုက်တွန်းထားသည်။

ထိုအခိုက်အတန့်မှာပင် ကိုဖီအာနန်က ဆုံးဖြတ်ချက် တောင်းဆိုသည့်အတိုင်း ဦးဆောင်ကဏ္ဍမှဆောင်ရွက်ရန်အတွက် လုံခြုံရေးအခြေအနေများက တည်ငြိမ်မှသာ ကုလသမဂ္ဂအမှုထမ်းများ အီရတ်သို့ ပြန်သွားမည်ဟု ထပ်မံ ပြောကြားလိုက်သည်။

နည်းလမ်းရှာ

အကယ်၍ လုံခြုံရေးအခြေအနေ မပေးလျှင် အီရတ်၌ ကုလသမဂ္ဂအဖွဲ့အစည်းကဏ္ဍ တစ်ခုဆောင်ရွက်ရန် နည်းလမ်းများရှာရမည်ဟု၎င်းက ပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်၌ ကန်စစ်ဘက်ဆိုင်ရာများကို ပိုမိုတိုက်ခိုက်လာ

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံတစ်ဝန်း၌ ကားဗုံးခွဲမှုများ ဆက်တိုက်ဖြစ်ပွားလာခြင်းကြောင့် လုံခြုံရေးအတွက် စိုးရိမ်ရမှုများတိုးပွားလာသည်။

နိုင်ငံအရှေ့မြောက်ပိုင်း ဘာကူဘာမြို့၌ အမေရိကန်စစ်ဘက်ဆိုင်ရာ တို့အား ပစ်မှတ်ထားပြီး ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူလေးဦး သေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသွားခဲ့သည်။

သေဆုံး

ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ကီလိုမီတာ ငါးဆယ်အကွာရှိ အမေရိကန်စစ်စခန်းတိုက်ခိုက်ခံရမှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ဖွယ်ရှိသည်ဟု အီရတ်ရဲအဖွဲ့က ပြောကြားခဲ့သည်။နိုင်ငံတောင်ပိုင်း မိုဆူးလ်မြို့၌ မြို့တော်ခန်းမ အဆောက်အအုံအပြင်ဘက်နှင့်အမေရိကန်စစ်စခန်းတို့မှာကားဗုံး ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ လူ၁၀ဦး သေဆုံးပြီး လူတစ်ရာကျော် ဒဏ်ရာရရှိသွားခဲ့သည်။

အီရတ်တို့ထံ အချုပ်အခြာအာဏာ လွှဲပြောင်းပေးမည့်ရက်နီးကပ်လာသည်နှင့်အမျှ အမေရိကန် စစ်ဘက်ဆိုင်ရာနှင့် အီရတ်ရဲတပ်ဖွဲ့အပေါ် တိုက်ခိုက်မှုများ ပိုမိုတိုးမြင့်လာလျက်ရှိသည်။

(စီစီတီဗွီ)

မိုဆူးလ်မြို့မြောက်ဘက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးနေသော ကားတစ်စီးအနီး အမေရိကန်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေသည်ကို ဇွန် ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ်မြို့တော်ဝန်ရုံး ဗုံးခွဲတိုက်ခိုက်ခံရ

မိုဆူးလ် (အီရတ်) ဇွန် ၉

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ မြို့တော်ဝန်ရုံးရှေ့၌ အသေခံကားဗုံးဟုယူဆရသော ပေါက်ကွဲမှုအင်္ဂါနေ့ကဖြစ်ပွားရာ အရပ်သား ၁၀ဦး သေဆုံးပြီး ၁၀၀ခန့် ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ယင်း ဗုံးပေါက်ကွဲမှုသည် လုပ်ငန်းခွင်သို့သွားရောက်သည့် ပြည်သူများ လမ်းပေါ်တွင် ပြည့်နှက်နေသော နံနက် ၉နာရီတွင် ဖြစ်ပွားခဲ့သည်။

ယင်းပေါက်ကွဲမှုကြောင့် မြို့တော်ခန်းမ မြို့တော်ဝန်၏ နေအိမ်များနှင့် အဆောက်အအုံအချို့ ပျက်စီးသွားသည်။ အနည်းဆုံးမော်တော်ယာဉ်ကိုးစီးခန့် ပျက်စီးသွားသည်ဟု သိရသည်။ သေဆုံးသူအချို့မှာ မမှတ်မိနိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက်ဖြစ်ရကြောင်း ဆရာဝန်များက ပြောကြားသည်။

မထိခိုက်

ဒေသဆိုင်ရာ ပြည်နယ်လုံခြုံရေး ကော်မရှင်အကြီးအကဲအဖြစ် ဆောင်ရွက်နေသူ ဆလမ်အယ်လ်ဟာဂျီအီဆာမှာ မြို့တော်ဝန်ဖြစ်ကြောင်း၊ တိုက်ခိုက်မှုမှာ ၎င်းအားပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် တစ်စုံတစ်ရာ ၎င်းအားထိခိုက်ခြင်းမရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

တိုက်ခိုက်

ဘဂ္ဂဒက်မြို့ မြောက်ဘက်မိုင် ၄၀ အကွာ ဘာကူဘာမြို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို ထိုနေ့စောစောပိုင်းက ကားဗုံးတိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် အနည်းဆုံးလူငါးဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိသွားသည်။ မိုဆူးလ်မြို့၌ ဖြစ်ပွားခဲ့သောဗုံးသည် အငှားယာဉ်တစ်စီးပေါ်တွင်တင်လာပြီးလူသုံးဦးလည်းလိုက်ပါလာကာမိုဆူးလ်မြို့ မြို့တော်ဝန်၏ယာဉ်တန်း ဖြတ်သန်းသွားစဉ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဆေးကုသမှုခံယူ

မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားစဉ် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို ဇွန် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လက်နက်ခဲယမ်းသိုလှောင်ရုံ ပေါက်ကွဲ၍ တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး စိန်ပြောင်းဖြင့် ပစ်ခတ်ခံရခြင်းဖြစ်ဟု ပိုလန်စစ်ဘက်ဆိုင်ရာက ပြောဆို

ဘဂ္ဂဒက် ဇွန် ၈

ပိုလန်၊ လတ်ဗီးယားနှင့် ဆလိုဗေးကီးယားတို့မှ တပ်ဖွဲ့ဝင်ခြောက်ဦးသည် လက်နက်ခဲယမ်းများ စုပုံသိုလှောင်ထားရာနေရာ၌ ယမန်နေ့က ပေါက်ကွဲမှုဖြစ်ပြီး သေဆုံးသွားခဲ့ကြသည်။

မိုင်းဟောင်းများနှင့်ဗုံးဟောင်းများကို စနက်တံဖြုတ်စဉ် ပေါက်ကွဲခြင်းဖြစ်ပြီး သေဆုံးရခြင်းဖြစ်ကြောင်း အဆိုပါနိုင်ငံများအားလုံးမှ အစိုးရအရာရှိများက ပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ပွားရာတွင် လတ်ဗီးယားတစ်ဦးနှင့် ဆလိုဗေးကီးယား သုံးဦးသေဆုံးခဲ့ရာ အီရတ်တွင် အဆိုပါနှစ်နိုင်ငံမှတပ်ဖွဲ့ဝင်များ ပထမဆုံး သေဆုံးရခြင်းဖြစ်ကြောင်း ပိုလန်တပ်ဖွဲ့မှ ပြောခွင့်ရှိသူ ဗိုလ်မှူးကြီး ဇစ်ဇလောဂါတောစကီက ပြောကြားသည်။

မီးလောင်ဒဏ်ရာ ကုသ

ယင်းပေါက်ကွဲမှုတွင် ပိုလန်နှစ်ဦးလည်း သေဆုံးခဲ့ရာ အီရတ်တွင်သေဆုံးသော ပိုလန်တပ်ဖွဲ့ဝင်ဦးရေမှာ ခြောက်ဦးထိ ရှိသွားခဲ့သည်။ အခြားပိုလန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရသော်လည်း အခြေအနေကောင်းကြောင်း၊ ဘဂ္ဂဒက်စစ်ဆေးရုံ၌ ၎င်း၏ မီးလောင်ဒဏ်ရာကို ကုသခဲ့ကြောင်း ဂါတောစကီက ပြောကြားသည်။

တိုက်ခိုက်ခံရ

သို့ရာတွင် ဇွန် ၁၀ရက်နေ့စွဲဖြင့် ရိုက်တာက နောက်ဆုံးပေးပို့သည့်သတင်း၌ အီရတ်နိုင်ငံတွင် အင်္ဂါနေ့က ပေါက်ကွဲမှုတစ်ရပ်ကြောင့် အရှေ့ဥရောပတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့ရခြင်းမှာ လက်နက်မတော်တဆဖြစ်ရပ်ကြောင့်မဟုတ်ဘဲ စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရခြင်းကြောင့်ဖြစ်ကြောင်း ပိုလန်စစ်ဘက်ဆိုင်ရာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ် အနာဂတ်ဆိုင်ရာဆုံးဖြတ်ချက် တိုးတက်မှုရှိ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြား

ပေကျင်း ဇွန် ၉

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးလျက်ရှိသော အီရတ်နိုင်ငံသို့ အချုပ်အခြာအာဏာ လွှဲပြောင်းရေးဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းသစ်အပေါ် မည်သို့မဲပေးမည်ဆိုသည်ကို တရုတ်နိုင်ငံက ပြောကြားခြင်းမရှိသော်လည်း အဆိုပါဆုံးဖြတ်ချက်ကို တိုးတက်မှုတစ်ရပ်အဖြစ် သတ်မှတ်ကြောင်း သိရသည်။

ပထမ ဆုံးဖြတ်ချက်မူကြမ်းနှင့် နှိုင်းစာလျှင် မူကြမ်းအသစ်သည် တိုးတက်မှုရှိလာကြောင်း၊ အခြားနိုင်ငံများ၏ ကွဲပြားခြားနားသည့် ထင်မြင်ချက်များအား ဗြိတိန်နှင့် အမေရိကန်တို့ ထည့်သွင်းစဉ်းစားမည်ဟု မိမိတို့ မျှော်လင့်ကြောင်း၊ သို့မှသာ အားလုံးလက်ခံ သဘောတူညီနိုင်မည့်ဆုံးဖြတ်ချက်ရရှိစေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျားရှင်သည်လည်း ဤဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့နှင့် ပြီးခဲ့သည့် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။ **(စီအင်န်အင်န်)**

အီရတ်အနာဂတ်အရေးဆုံးဖြတ်ချက် လုံခြုံရေးကောင်စီအတည်ပြု သို့သော် အီရတ်သို့တပ်ဖွဲ့များစေလွှတ်ရန် နိုင်ငံအများစု မလိုလား

ကုလသမဂ္ဂ ဇွန် ၉

ယခုလ ၃၀ ရက်၌ အီရတ်တို့ထံ အချုပ်အခြာအာဏာပြန်လည်လွှဲပြောင်းပေးရေးဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံတို့က တညီတညွတ်တည်း ယမန်နေ့က ဆုံးဖြတ်အတည်ပြုလိုက်ပြီ ဖြစ်သည်။

ပြင်သစ်နိုင်ငံ၏ လိုလားချက်အပေါ်မှာလည်း ညှိနှိုင်းခဲ့ပြီး ယခုရရှိသော သဘောတူညီမှုသည် အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ ဆုံးဖြတ်ချက်အရ အီရတ်နိုင်ငံအတွက် နိုင်ငံတကာမှအကူအညီများ အထူးသဖြင့် စီးပွားရေးဆိုင်ရာအကူအညီများ ပိုမိုရရှိရေး တံခါးဖွင့်လှစ်ခဲ့သလို ဖြစ်သည်။ သို့ရာတွင် နိုင်ငံအများအပြားသည် အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် မလိုလားကြောင်း သိရသည်။

အမေရိကန်နှင့် အီရတ်တို့အနေဖြင့် နိုင်ငံလုံခြုံရေးနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အမေရိကန်တို့က လာမည့် ၂၀၀၆ ခုနှစ် ဇန်နဝါရီလအထိ သို့မဟုတ် ထို့ထက်စောပြီး အီရတ်တို့က ဆုံးဖြတ်သည့် အချိန်အထိ အီရတ်နိုင်ငံ၌ တပ်စွဲထားမည်ဖြစ်သည်။

ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံ လုံခြုံရေးနှင့်တည်ငြိမ်မှုအပေါ်မူတည်ပြီး ရွေးကောက်ပွဲကျင်းပရေး၊ အခြေခံဥပဒေရေးဆွဲရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုဆုံးဖြတ်ချက်အရ နိုင်ငံတကာအကူအညီများ ပေးအပ်ရန် အီရတ်တာဝန်ရှိသူများက တောင်းဆိုလျက် ရှိကြသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဖော်လူဂျာမြို့အနီး အဝေးပြေးလမ်းမကြီးတွင် အီရတ်ပြောက်ကျားတို့က ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အကာအကွယ်ယူရန် ပြေးလွှားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နှစ်နိုင်ငံ ကုန်သွယ်ရေးဆက်ဆံမှုများ ကူဝိတ်–အီရန် ပူးတွဲကော်မတီဆွေးနွေး

ကူဝိတ်စီးတီး ဇွန် ၉

ကူဝိတ်–အီရန် ပူးတွဲကော်မတီသည် ခုနစ်ကြိမ်အစည်းအဝေးကျင်းပစဉ်အတွင်း အပြန်အလှန်ကုန်သွယ်မှုတိုးမြှင့်ရန်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်မှု ဆက်ဆံရေးတိုးမြှင့်ရန် နည်းလမ်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ကူဝိတ်သတင်းဌာနက တနင်္လာနေ့၌ ပြောကြားသည်။

ဖော်ပြ

တနင်္လာနေ့က စတင်ခဲ့သော သုံးရက်ကြာ ယင်းအစည်းအဝေးအတွင်း အပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ရေးနှင့်ဆက်နွှယ်သော ကိစ္စရပ်များအပြင် စံနှုန်းများသတ်မှတ်ခြင်း၊ အကောက်ခွန်သဘောတူချက် စည်းမျဉ်းစည်းကမ်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်က ပြောကြားသည်ဟု ကူဝိတ်သတင်းဌာနက ကိုးကားဖော်ပြသည်။

အရေးပါ

အီရန်ကိုယ်စားလှယ်အဖွဲ့ အဆင့်မြင့်အရာရှိက နှစ်နိုင်ငံပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အရေးပါကြောင်း အလေးအနက် ပြောဆိုကြောင်း သတင်းက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံသို့ ကန်တို့ကျူးကျော်မှု ဂျီ–၈ နိုင်ငံများ သဘောကွဲလွဲ

ဝါရှင်တန် ဇွန် ၉

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အီရတ်အရေးကိစ္စဆိုင်ရာ အဆိုပြုချက်ကို မဲပေးဆန္ဒပြုလျက်ရှိသည့်နေ့မှာပင် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်ရှိ ဆီးအိုင်းလင်း၌ ကျင်းပလျက်ရှိသော စက်မှုထိပ်သီး ရှစ်နိုင်ငံဆွေးနွေးပွဲသို့ အီရတ်စစ်ပွဲအား ဆန့်ကျင်ခဲ့သည့် ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံများမှ ခေါင်းဆောင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး ဂျီ–၈ အဖွဲ့တွင်း အကွဲကွဲအပြားပြားဖြစ်ကာ သဘောကွဲလွဲမှုများရှိခဲ့ရာ အမေရိကန်နိုင်ငံ၊ ဗြိတိန်၊ အီတလီနှင့် ဂျပန်နိုင်ငံတို့က စစ်ပွဲဆင်နွှဲရန်လိုလားခဲ့ပြီး ပြင်သစ်၊ ဂျာမနီ၊ ကနေဒါနှင့် ရုရှားနိုင်ငံတို့က ကန့်ကွက်ခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်သောအဆိုပြုချက်သည် အီရတ်နိုင်ငံသို့ နိုင်ငံစုတပ်ဖွဲ့သစ်များ ထပ်မံမဝင်ရောက်ရန်နှင့် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေဆိုင်ရာ အာမခံချက်များ ထပ်မံရရှိလာနိုင်ဖွယ်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အီရတ်နိုင်ငံအတွင်း သေဆုံးမှုများပြား အချိန်နှင့်အမျှ မြင့်တက်လာနေ

ဘဂ္ဂဒက် ဇွန် ၈

အီရတ်နိုင်ငံအတွင်း သေဆုံးမှုများသည် အချိန်နှင့်အမျှ မြင့်တက်လျက်ရှိရာ အုပ်ချုပ်ရေးလွှဲပြောင်းရယူဖို့ကလည်း ရက်အနည်းငယ်သာလိုတော့ကြောင်း သိရသည်။

ပြီးခဲ့သည့်သုံးရက်အတွင်း အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် တခြားမြို့များတွင် တိုက်ခိုက်မှုများ များစွာဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးအပါအဝင်လူပေါင်း၂၅ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဘဂ္ဂဒက်ဒေသတွင်းရှိ အမေရိကန် စစ်အခြေစိုက်စခန်းနှင့် စစ်ယာဉ်တန်းများကို ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး အပါအဝင် အခြား ၁၀ဦးသေဆုံးခဲ့ကြောင်း သိရသည်။ **(အင်အိပ်ချ်ကေ)**

ပစ်ခတ်

ပြီးခဲ့သည့် စနေနေ့ကလည်း အမေရိကန်လုံခြုံရေး ကုမ္ပဏီပိုင်ကားနှစ်စီးအား သေနတ်သမားများက ပစ်ခတ်ခဲ့သည့်အတွက် အမေရိကန် နှစ်ဦးနှင့် ပိုလန်နှစ်ဦးတို့ သေဆုံးခဲ့သည်။

တိုက်ခိုက်

ပြီးခဲ့သည့် စနေနှင့်တနင်္ဂနွေတွင် အီရတ်နိုင်ငံအလယ်ပိုင်း ဘာဆာရာမြို့၊ ဘဂ္ဂဒက်မြို့နှင့် ဆာဒါမြို့တို့၏ ရဲဌာနများကို ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အီရတ်ရဲတပ်ဖွဲ့ ဝင်များနှင့် အရပ်သား ၁၀ ဦးမက သေဆုံးခဲ့ကြောင်း သိရသည်။

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၂၆ဦးရှိပြီ အမေရိကန်၏အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံးမှုလည်းတိုးလာ

ဘဂ္ဂဒက် ဇွန် ၁၀

အီရတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ်လထဲ၌ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ကြရာ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ၏ သေဆုံးမှုများသည် ယနေ့ထိတိုင် ရပ်သွားခြင်းမရှိဘဲ နေ့စဉ်နှင့်အမျှ သေဆုံးမှုသည် တိုးလာလျက်ရှိသည်။

အမေရိကန်ကာကွယ်ရေးဌာန၏ ကြေညာချက်အရ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များအရေအတွက်သည် ဇွန် ၉ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်တွင် ၈၂၆ဦးထိ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ပြောကြား

ယင်းအနက် အမေရိကန်တပ်ဖွဲ့ဝင် ၆၀၈ဦးမှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်ပြီး ၂၁၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာနက ပြောကြားသည်။

အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတို့ဆင်နွှဲသောစစ်ပွဲ ၂၀၀၃ ခုနှစ် မေ ၁ရက်၌ ပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၆၈၈ဦးဖြစ်ပြီး ယင်းအနက် ၄၉၉ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၁၈၉ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာ ထုတ်ပြန်ချက်အရ သိရသည်။

သေဆုံး

ထို့ပြင် အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ၂၀၀၃ ခုနှစ် မတ်လမှစတင်၍ စစ်ပွဲဆင်နွှဲခဲ့သည်မှ အမေရိကန်၏ အပေါင်းပါတပ်ဖွဲ့ဝင်များလည်း အီရတ်၌သေဆုံးခဲ့ကြရာ ဗြိတိသျှ ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်း လေးဦး၊ ဆလိုဗေးကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဘာဆာရာမြို့တွင် ကင်းလှည့်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးက အီရတ်တစ်ဦးအားစစ်ဆေး မေးမြန်းနေသည်ကို ဇွန် ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်ကြေးမြီများအပေါ် ထားရှိသည့်သဘောထား ပြောင်းလဲခြင်းမရှိကြောင်း ပြင်သစ်ဝန်ကြီးချုပ်ပြောကြား

ပါရီ ဇွန် ၈

အီရတ်လူမျိုးများသို့ စစ်မှန်သော အုပ်ချုပ်ရေးလွှဲပြောင်းသည်အထိ သို့မဟုတ် ၂၀၀၅ခုနှစ်တွင် ရွေးချယ်ပွဲများမလုပ်မီအထိ အီရတ်နိုင်ငံ၏ နိုင်ငံခြားကြွေးမြီများအပေါ်ထားရှိသည့် ပြင်သစ်နိုင်ငံ၏ သဘောထားပြောင်းလဲမည်မဟုတ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ်ရှောန်ပီယာရီရက်ဖ်ဖာရင်က တနင်္လာနေ့၌ ထပ်မံပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံက အီရတ်၏ ကြွေးမြီများကို ဖျက်သိမ်းခြင်းပြုမည်၊ မပြုမည်ကို မေးမြန်းရာ၌ အီရတ်၏ ကြွေးမြီများအပေါ် မိမိ၏နိုင်ငံသည် ကမ်းလှမ်းချက်အချို့ရှိခဲ့ကြောင်း ရက်ဖ်ဖာရင်က ပြင်သစ် ရုပ်မြင်သံကြားသို့ ပြောကြားသည်။

လွှဲပြောင်းမှု

သို့ရာတွင် အီရတ်ပြည်သူများသို့ စစ်မှန်သော အုပ်ချုပ်ရေးလွှဲပြောင်းပေးမှု၏ အခြေခံ ဖွဲ့စည်းမှုအတွင်း ဖြစ်သည်ဟု ပြောဆိုသည်။

လိုအပ်

ဆိုလိုသည့်အဓိပ္ပာယ်မှာ တာဝန်ရှိသော အစိုးရအဖွဲ့ မိမိတို့လိုအပ်ခြင်း ဖြစ်ကြောင်း၊ ဤအစိုးရသည် အီရတ်၌ ယခုရှိနေသော တပ်ဖွဲ့များ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်မှုနှင့်ဆိုင်သော စာရွက်စာတမ်းများ အမေရိကန်အထက်လွှတ်တော်သို့ ပေးပို့ထားကြောင်း ပင်တဂွန်ပြောကြား

ဝါရှင်တန် ဇွန် ၉

ကွန်ဂရက်လွှတ်တော်သို့ အစောပိုင်းက တင်သွင်းခဲ့သော အစီရင်ခံစာမှ ချန်ထားခဲ့သော အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့က မတရားနှိပ်စက်မှုဆိုင်ရာ အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးချက် အထောက်အထားစာရွက်စာတမ်းများအားလုံးကို အထက်လွှတ်တော်ကော်မတီတစ်ရပ်သို့ ပေးပို့ထားကြောင်း ပင်တဂွန်က အခိုင်အမာပြောကြားလိုက်သည်။

ဘဂ္ဂဒက်အနီးရှိ အဘူဂါရိပ်အကျဉ်းထောင်၌ အီရတ်အကျဉ်းသားများအားမတရားနှိပ်စက်မှုနှင့် ဆိုင်သည့် အမေရိကန်စစ်တပ်မှ ဗိုလ်ချုပ်အန်တိုနီယိုတာဂူဘာ၏ တိကျမှန်ကန်သော မိတ္တူကို ယခုအခါ ကော်မတီ၌ရှိကြောင်း၊ တရားဝင် ထုတ်ပြန်ချက် အမှာစာကို အမေရိကန်စစ်ဘက်ဆိုင်ရာက တနင်္လာနေ့၌ ပေးပို့ခဲ့ကြောင်း အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီဥက္ကဋ္ဌ ဂျွန်ဝါနာက ပြောကြားသည်။

နောက်ဆုံးအသုတ် စာရွက်စာတမ်းများကို ဝါနာ၏ရုံးက ဖော်ပြရန် ငြင်းဆိုခဲ့သည်။ ဆီးနိတ်ကော်မတီသည် မေ ၁၃ရက်မှစပြီး စာရွက်စာတမ်းများအားလုံးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဝါနာက နောက်ဆက်တွဲ ထုတ်ပြန်ချက်များနှင့် စာရွက်စာတမ်းများကိုလည်း ရရှိရန် ကြိုးပမ်းခဲ့သည်ဟု ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘာကူဘာမြို့ရှိ အမေရိကန် စစ်အခြေစိုက်စခန်းအပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယင်းနေရာအနီး အမေရိကန် တပ်ဖွဲ့ဝင်များကြည့်ရှုစစ်ဆေးနေသည်ကို ဇွန် ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘဏ်တိုက်မှ ခိုးသွားသော ငွေသားအများစု သူခိုးက ဘဏ်တိုက်၌ ပြန်လာထားသွား

လန်ဒန် ဇွန် ၉

အရှေ့လန်ဒန်ရှိ ဘာကလေဘဏ်တိုက်မှ ပေါင်ငွေ၁၁၅၀၀၀ကို ခိုးယူသွားခဲ့သူ ဗြိတိသျှလူမျိုး သူခိုးတစ်ဦးသည် တစ်ပတ်အကြာ၌ ထိုခိုးယူသွားသော ငွေများ၏ အများစုကို ပြန်ထားရန် အဆိုပါဘဏ်တိုက်ထဲသို့ ပြတင်းပေါက်မှ တစ်ဆင့် ပြန်လည်ဝင်ရောက်ခဲ့ကြောင်း ရဲအဖွဲ့က အင်္ဂါနေ့၌ ပြောကြားသည်။

ပြန်ထားခဲ့

ယင်းသူခိုးသည် အရှေ့လန်ဒန်ရှိ ဘာကလေဘဏ်တိုက်၏ ပြတင်းပေါက်ကိုခွဲကာ ဘဏ်တိုက်ထဲသို့ ပြန်ဝင်ရောက်ခဲ့ပြီး ခိုးယူသွားသော ငွေသားများကို ပြန်ထားခဲ့သည်ဟုဆိုသည်။

ပြောကြား

ထိုသို့ငွေသားများ သူခိုးကပြန်ထားသွားကြောင်းကို တစ်ပတ်ကြာသည့်အခါကျမှ ဘဏ်အမှုထမ်းက သိရှိပြီး ငွေသားပေါင်၁၀၄၀၀၀ကို ပြန်ထားခဲ့ကြောင်းစုံထောက်အဖွဲ့ကို ခေါ်ယူ၍ ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျေးလက်ပြည်သူများအတွက် အကျိုးပြုလျက်ရှိသော ပဲခူးတိုင်း ပဲခူးမြို့နယ် ကြံခွံကျေးရွာအနီး အလိုင်နီချောင်းပေါ်တွင် တည်ဆောက်ထားသည့် အလိုင်နီရေလှောင်တမံကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာဆန်းဒေသ၌ တည်ဆောက်ပေးထားသည့် အရှည်ပေ ၉၀၀ ရှိသော သံလွင်တံတား(တာဆန်း)ကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက် လမ်းမကြီး

ကျေးလက်နေ ပြည်သူများ သွားလာရေး လွယ်ကူစေရန် အတွက် ဖောက်လုပ်ပေးထားသော ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်ပါဒကြီး စံပြကျေးရွာမှ ကျေးလက်လမ်းကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုက္ခမူကျေးရွာတွင် တည်ဆောက်ပေးထားသော အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

အမှာစကား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဇွန် ၉ ရက်က ဦးဥတ္တမခန်းမတွင် ကျင်းပသော ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် မြို့နယ်များ အတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲတွင် အမှာစကားပြော ကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ ရခိုင်ပြည်နယ်လေပြင်းဒဏ်သင့်မြို့နယ်များအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန် ၉ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိပြီး ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနှင့်အသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်သန်း သန်းနွဲ့ ဇွန် ၉ရက်က ဦးဥတ္တမခန်းမ တွင် ကျင်းပသော ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် မြို့ နယ် များ အတွက် အလှူငွေ နှင့်ပစ္စည်းပေးအပ် ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှလှူဒါန်း သည့် အဝတ် အထည်၊ စာအုပ် နှင့် စာရေး ကိရိယာများကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် မွန်းလွဲ ၁၂နာရီခွဲတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်လေပြင်းဒဏ်သင့်မြို့နယ်များအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များတက်ရောက်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာတွင် မကြာသေးမီကာလအတွင်းက ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ လေပြင်းဒဏ်သင့်မြို့နယ်များအတွက် ကူညီထောက်ပံ့လှူဒါန်းရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများစုပေါင်းပြီး ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် ဒဏ်ခံရသည့် ရခိုင်ပြည်နယ် မြို့နယ်လေးမြို့နယ်က ပြည်သူများအနက် အသက်ဆုံးရှုံးသူများ၊ ပစ္စည်းဥစ္စာဆုံးရှုံးမှုများနှင့်အိမ်ရာများ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရှိရသည့်အတွက် အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ကူညီနိုင်ရန်နှင့် တိုင်းရင်းသားမိသားစုများကို လူသားချင်းစာနာစိတ်ဖြင့် လာရောက်ထောက်ပံ့ခြင်း၊ ကူညီအားပေးခြင်းဖြစ်ကြောင်း။

မိမိအနေဖြင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ကိုယ်စားအဖြစ်သာမက ပြည်ထောင်စုအတွင်းရှိ အမျိုးသမီးထု၏ ကိုယ်စားအဖြစ်ပါ ရခိုင်ပြည်နယ်သို့ လာရောက်၍ တိုင်းရင်းသားမိသားစုများအား လာရောက်အားပေးခြင်းဖြစ်ကြောင်း။

မျက်မှောက်ခေတ်တွင် သိပ္ပံပညာများ လွန်စွာတိုးတက်နေသော်လည်းသဘာဝဘေးအန္တရာယ်များကို ယခုအချိန်အထိ မတားဆီးနိုင်သေးသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ယခု ရခိုင်ပြည်နယ်၌ ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်အတွက် မိမိတို့အနေဖြင့် များစွာစိတ်မကောင်းဖြစ်မိကြောင်း။

စေတနာကို ချီးကျူး

နိုင်ငံတော်နှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်း အသီးသီးမှအလှူရှင်များက စာနာမှုဖြင့် လှူဒါန်းကြသည့်အတွက် အထူးဂုဏ်ပြုလိုကြောင်း၊ အလှူရှင်များ၏ စေတနာကိုလည်း ချီးကျူးလိုပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အသင်းဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ကြသူများဖြစ်ပြီး ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာ ရရှိရေးကို ဦးတည်ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ရခိုင်ပြည်နယ် အဆင့်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှသည် အောက်ခြေအဆင့်အထိ ပါဝင်ဆောင်ရွက်နေကြသော အဖွဲ့ဝင် အသင်းဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ်ကို ခံခဲ့ရသော မိသားစုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တတ်နိုင်သည့်ဘက်က ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေနှင့် ပစ္စည်းများကိုပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်း ငွေကျပ် ၁၀ သိန်းနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက လှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကို ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က လှူဒါန်းသည့် အဝတ်အထည်၊ စာအုပ်နှင့် စာရေးကိရိယာများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းသည့် ဆေးဝါးနှင့်အဝတ်အထည်ပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးကလည်းကောင်း ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးထံသို့ အသီးသီးပေးအပ်လှူဒါန်းကြသည်။

ရှင်းလင်းပြသ

ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက ရှင်းလင်းပြသသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့နှင့် အမှတ်(၁၅) မူလတန်းကျောင်း ပြည်တော်သာမှ ကျောင်းသူလေးများ၏ ရခိုင်ရိုးရာ အကများကိုကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စစ်တွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းနှင့် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ချုပ် ရုံးခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဂေါပကအဖွဲ့အား အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပါရမီကျေးရွာ(ယခင်ပါဒလိတ်ကျေးရွာ)သို့ သွားရောက်ကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးစီမံချက်လုပ်ငန်းစဉ်အရ ဖွင့်လှစ်မည့် လူငယ်ရိပ်မြုံအဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပါရမီကျေးရွာရှိ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာပြည်သူများ၊ ကျေးရွာရှိ ဆယ်ကျော်သက်ရွယ် လူငယ်လူရွယ်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေး၊ တည်ဆောက်ပေးသည့် လူငယ်ရိပ်မြုံကို အကျိုးရှိစွာအသုံးချရေး၊ ပါရမီကျေးရွာကို စံပြကျေးရွာအဖြစ် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့မှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

▼ ကျောဖုံးမှ

ဇွန် ၁၁ရက်နေ့ညနေထိ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ထိ တိုက်ခိုက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြား မှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

ဇွန် ၁၀ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၈)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme. Phoebe A. Gomez က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဇွန် ၉ ရက်က ဦးဥတ္တမခန်းမတွင် ကျင်းပသော ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်မြို့နယ်များအတွက် အလှူငွေ သိန်း ၂၀ ကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးအား ပေးအပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

* ကျောဖုံးမှ

စောစိုးစံ(တောင်ငူ)တို့အား မေ ၂၅ ရက်မှစ၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာ–ဂျပန်

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် မြန်မာ–ဂျပန် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဇူလိုင် ၁၀ရက်မှ ၁၁ ရက်အထိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်လူရွေးပွဲ

အဆိုပါပြိုင်ပွဲ၌ အောင်ပွဲဆင်နိုင်ရေးအတွက် မြန်မာ့ရိုးရာ လက်ဝှေ့လက်ရည်စစ်လူရွေးပွဲကို ဇွန်၁၂ ရက်နှင့် ၁၃ရက် မွန်းလွဲ ၂ နာရီမှစတင်ပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားရုံ(သုဝဏ္ဏ)တွင် ကျင်းပမည်ဖြစ်သည်။ ဇွန် ၁၂ရက် ဖယ်သာဝိတ်တန်း ပြိုင်ပွဲတွင် နာမည်ကြီး ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(သစ်တော)နှင့် ပြည်နယ်နှင့်တိုင်း ချန်ပီယံကျော်ဆန်း(KLN) တို့ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြမည်ဖြစ်ပြီး လိုက်ဝယ်လ်တာဝိတ်တန်းတွင် ရွှေခါးပတ်ချန်ပီယံ ရှုံးပွဲမကြုံသေးသည့် နိုင်းဝမ်းလေး (မြို့တော်စည်ပင်)နှင့် ကျစ်လျစ်မာကျောသည့် စောဇော်လွင်(KLN)တို့၏ အနိုင်မခံ အရှုံးမပေး လက်ရွေးစင်ဖြစ်ရေးအတွက် အပြိုင်နွှဲကြမည့်ပြိုင်ပွဲနှင့် ဇူလိုင် ၁၃ ရက်တွင် ပြည်နယ်နှင့်တိုင်းချန်ပီယံများဖြစ်သည့် အေးဗိုလ်စိန်(လယ်/ဆည်)နှင့်စောစိုးစံ(သူရဲကောင်း)တို့၏ ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲသည်လည်း ပွဲကောင်းတစ်ပွဲဖြစ်နိုင်သည်။

အများမျှော်လင့်နေသော ဝမ်ချိုင်းသည် ဇွန်၅ရက်က မြိတ်မြို့အားကစားကွင်းတွင် မြိတ်ခရိုင် အား/ကာရန်ပုံငွေအတွက် လုံးချော(ညောင်တုန်း)အား တတိယအချီ ၂မိနစ် ၅၀ စက္ကန့်တွင် အလဲထိုး အနိုင်ရရှိခဲ့ပြီး သူ၏လက်ဝှေ့သမ္မာရင့်ကြောင်းကို ပြသနိုင်ခဲ့သည်။ မစ်ဒယ်ဝိတ်တန်းတွင် ပူပူနွေးနွေး အောင်ပွဲဆင်ထားသည့် ဝမ်ချိုင်း (မြို့တော်စည်ပင်)နှင့်တစ်ပွဲထက်တစ်ပွဲ လက်စွမ်းပြလာသည့်ရွှေဆိုင်း(ဘားအံ) တို့၏သူတင်ကိုယ်တင် အပြိုင်နွှဲမည့်ပြိုင်ပွဲများအပါအဝင်လေးချိစိန်ခေါ်ပွဲနှင့် သုံးချီကြားပွဲများ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဂျပန် လက်ဝှေ့သမားများနှင့် ယှဉ်ပြိုင်ရန်လေ့ကျင့်လျက်ရှိသော မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက် ကြည့်ရှု အားပေးစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

Intergraph OGC Grant
စည်ပင်သာယာရေးဦးစီးဌာနသို့လှူဒါန်း

ရန်ကုန် ဇွန် ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ယနေ့နံနက်က ဦးစီးဌာနတွင် ပြုလုပ်သော စည်ပင်သာယာရေးဦးစီးဌာနသို့ Myanmar Intergraph Co., Ltd. မှ ဒေါ်လာ ၅၀၀၀၀တန်ဖိုးရှိ Intergraph OGC Grant လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ Myanmar Intergraph Co., Ltd.မှအထွေထွေမန်နေဂျာနှင့်ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar Intergraph Co.,Ltd. မှ အထွေထွေမန်နေဂျာ ဦးဇော်နိုင်က Intergraph Open GIS Corsortium Grant ပေးအပ် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီးနောက် ဒေါ်လာ ၅၀၀၀၀တန်ဖိုးရှိ Intergraph OGC Grantကိုပေးအပ်ရာ စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးစိုးကိုကိုက လက်ခံရယူသည်။

စည်ပင်သာယာရေးဦးစီးဌာနသို့ လှူဒါန်းခဲ့သော Intergraph OGC Grant သည် ကျေးလက်နှင့်မြို့ပြ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှတ်တမ်းများ ထိန်းသိမ်းခြင်း၊ မှတ်တမ်းများပြင်ဆင်ခြင်း၊ ရုံးချုပ်နှင့် ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များ ဆက်သွယ် ဆောင်ရွက်ရာတွင် ကွန်ပျူတာစနစ်ဖြင့် ပေးပို့ခြင်း၊ ကွန်ပျူတာဝက်ဘ်ဆိုက်တင်ခြင်း လုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နှုတ်ခွန်းဆက်စကားပြောကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ နှစ်ပတ်လည် အခမ်းအနားကို ဇွန် ၁၀ ရက်က ကမာရွတ်မြို့နယ် မူးယစ်ပြတိုက် အုပ်ချုပ်မှုဆောင်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး ဒေါ်ခင်လှလှ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ငွေးတို့တက်ရောက်ကြပြီး အသင်းခွဲနာယက ရဲချုပ်၏ဇနီး ဒေါ်ခင်မေစိုးက နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၀

နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်နု၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်လွင်တို့နှင့်အတူ ဇွန် ၉ ရက် နံနက်ပိုင်းက ကုန်းတိမ်း ဆည်ရေသောက် ကုန်းမြင့်လယ်ယာ ဧက ၂၅၀ နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဆောင်ရွက် လျက်ရှိသည့် ဂန့်ကော်ဆည်ရေသောက် ဧက ၁၂၀ ပြုပြင်ပြီးစီးမှု လုပ်ငန်းအပါအဝင် ဆင်းရွှေလီ မိုးစပါး ပျိုးထောင်စိုက်ပျိုးရေး ကိစ္စရပ်များကို ဒေသခံ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အဖွဲ့သည် ဘန့်ဘွေး–ဂန့်ကော် ကျောက်ချောလမ်း ရေနုတ်မြောင်းများ တူးဖော်နေမှုနှင့် သုံးဆယ်ကျေးရွာအုပ်စု လွယ်ငင်းကျေးရွာ သောက်သုံးရေသန့်ရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အခြေခံပညာမူလတန်းကျောင်းများသို့ ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၂၄၂)

ကမ္ဘာ့သွေးလှူရှင်များနေ့

(၁၄–၆–၂၀၀၄)

World Blood Donor Day

(14-6-2004)

အသက်သခင် သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ

Blood, a gift for life. Thank you.

ကျန်းမာရေးဝန်ကြီးဌာန

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့လက်ရည်စစ် လူရွေးပွဲ ဝင်ကြေးမှာ အထူးတန်း ကျပ် ၃၀၀၀၊ ရိုးရိုးတန်း ကျပ် ၂၅၀၀ဖြစ်ပြီး လက်မှတ်များကို Play Boy Restaurant ပြည်လမ်း စမ်းချောင်းမြို့နယ်၊ Sports Bar Restaurant မီးရထားကုန်ရုံဝင်း ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ်တို့တွင် ဝယ်ယူကြည့်ရှုနိုင်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်က ကြီးမှူး၍ ဇွန် ၄ရက် နံနက်ပိုင်းတွင် လသာမြို့နယ် အမှတ်(၂)ရပ်ကွက် စာကြည့်တိုက်ခန်းမ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့်အတူ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမြင့်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ လူငယ်နှင့်အနာဂတ်တာဝန်၊ စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ဟောပြောကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇွန်လအတွက်

(၁၃–၆–၂၀၀၄)ရက်နေ့

နှင့်

(၂၇–၆–၂၀၀၄)ရက်နေ့

အခြေခံ ဆေးတပ်စု သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အခြေခံဆေးတပ်စု သင်တန်းအမှတ်စဉ်(၂/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၇ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်းရှိအနော်ရထာခန်းမ၌ ကျင်းပရာ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်ဇင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အခြေခံဆေးတပ်စုသင်တန်း အမှတ်စဉ်(၂/၂၀၀၄)သို့သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော ဧရာဝတီတိုင်းသို့ အလည်တစ်ခေါက်

စာရေးသူသည် မြန်မာ့နှစ်သစ်ကူးကာလ သင်္ကြန်ရက် ပတ်လည်တွင် မိမိမွေးဖွားခဲ့ရာ မိခင်၏အမျိုးများရှိသည့် ဧရာဝတီတိုင်းသို့ အလည်တစ်ခေါက် ရောက်ခဲ့သည်။ ယနေ့ပြည်မြန်မာ၏ အစစအရာရာ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ကဏ္ဍအဖုံဖုံကို ဧရာဝတီတိုင်း တစ်ခွင်တွင်လည်း မျက်မြင်ကိုယ်တွေ့ ထိတွေ့ခံစား ပီတိပွားခဲ့ရသည်။ စာရေးသူတို့ ကားလေးသည် အောင်ဇေယျတံတားကို ဖြတ်ကျော်မောင်းနှင်ခဲ့သည်။ သားက ကားမောင်း၍ စာရေးသူမှာ ထိုင်ခုံတွင်ထိုင်ရင်း အိပ်ပျော်သွားခဲ့သည်။ ဗိုလ်မြတ်ထွန်းတံတားကြီးကို ရောက်မှ စာရေးသူ နိုးလာခဲ့သည်။

"ဖေဖေ အိပ်ပျော်မှာပေါ့၊ နိုင်လွန်ကတ္တရာလမ်းက ကောင်းလွန်းနေတာကိုး"ဟု သားကပြောသည်။

ကျင်း၊ ချိုင့်တွေမရှိ လမ်းကလည်းကျယ် ဖြောင့်ဖြူးကောင်းမွန်နေသဖြင့် အိပ်ပျော်သွားခဲ့ခြင်း ဖြစ်သည်။

ဗိုလ်မြတ်ထွန်းတံတားကြီးသည် ရန်ကုန်-ပုသိမ်လမ်း၊ ရန်ကုန်-ဟင်္သာတလမ်း၊ ရန်ကုန်-ကျုံမငေးလမ်းများအတွက် ဧရာဝတီတိုင်း၏ အချက်အချာအကျဆုံးသော မြန်မာ့မြေ၏ အရှည်ဆုံးတံတားကြီး စာရင်းဝင်တံတား တစ်စင်းဖြစ်သည်။ ညောင်တုန်းမြို့နယ်အတွင်း၌ ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည်။ အရှေ့ဘက်ကမ်း သောင်တန်းကျေးရွာမှ ဧရာဝတီမြစ်ကို ဖြတ်၍ အနောက်ဘက်ကမ်း ကြိမ်ပင်ဆည်ရွာအနီးသို့ ဆက်သွယ်တည်ဆောက်ထားသည်။ တံတားအရှည် ၈၅၄၄ပေ၊ အကျယ်ပေ ၄၀၊ သံကူကွန်ကရစ်တိုင်နှင့် သံမဏိသံပေါင်အမျိုးအစား တံတားဖြစ်သည်။ ၁၉၉၆ခုနှစ် ဇွန်လ ၁၅ရက်နေ့မှ စတင် တည်ဆောက်ခဲ့ပြီး သုံးနှစ်အကြာ ၁၉၉၉ခုနှစ် ဇွန်လ ၁၆ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

အမျိုးကိုစောင့်ရှောက်သော၊ လွတ်လပ်ရေးကို ကာကွယ်သော၊ နိုင်ငံ့ဂုဏ်ကို ထွန်းပြောင်စေခဲ့သော မြန်မာသူရဲကောင်းကြီးများ၏ အမည်နာမများကို တံတားများတွင် နိုင်ငံတော်က ဂုဏ်ပြုမှည့်ခေါ်ခဲ့သည်။ ဥပမာ-အနော်ရထာ၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ မဟာဗန္ဓုလ၊ ဆင်ဖြူရှင်၊ ဗလမင်းထင်၊ ဗိုလ်မြတ်ထွန်း၊ နဝဒေးစသည်ဖြင့် မှည့်ခေါ်ခဲ့ခြင်းကြောင့် စာရေးသူတို့ ဂုဏ်ယူမဆုံးဖြစ်ခဲ့ရသည်။

ဧရာဝတီတိုင်းအတွင်း မြို့ချင်းဆက်လမ်းများ၊ ကျေးလက်လမ်းများ ဖောက်လုပ်ပေးခဲ့သဖြင့် အချိန်အခါမရွေး မော်တော်ယာဉ်ဖြင့် သွားလာနိုင်ခဲ့ပြီဖြစ်သည်။ စာရေးသူတို့ကားလေးသည် ပုသိမ်မြို့ဘက်သို့ မောင်းနှင်ခဲ့သည်။

ပုသိမ်မြို့အနီးတွင် ငဝန်မြစ်ကူး ပုသိမ်တံတားကြီး တည်ဆောက်နေသည်ကို မြင်တွေ့ခဲ့ရသည်။ ပုသိမ်တံတားသည် ငဝန်မြစ်ကိုဖြတ်၍ ချောင်းသာ၊ သာပေါင်းနှင့် ငွေဆောင်သို့သွားနိုင်သည့် လမ်းကြောင်းပေါ်တွင် တည်ရှိသည်။

ပုသိမ်ဘက်ကမ်းတွင် ကမ်းကပ်ခုံနှင့် တာဝါတိုင် ထိပ်အုပ်လုပ်ငန်းပြီးစီးပြီး တံတားတိုင်ရှစ်တိုင်ရှိသည့်အနက် ခုနစ်တိုင်ထိပ်အုပ်လောင်းပြီး ကြိုးထိန်းနှင့် ကျန်တိုင်တစ်တိုင် ထိပ်အုပ်လောင်းရန်သာ ကျန်တော့သည်။ ကမ်းနီဘက်ကမ်းတွင် ကမ်းကပ်ခုံနှင့် တံတားတိုင်လေးတိုင် ထိပ်အုတ်လောင်းပြီးဖြစ်သည်။ တိုင်ကိုယ်ထည်ပိုင်းအနေဖြင့် ပုသိမ်ဘက်ကမ်းတွင် ခုနစ်တိုင်ဆောင်ရွက်ပြီး ကမ်းနီဘက်ကမ်းတွင် သုံးတိုင် ဆောင်ရွက်ပြီးဖြစ်သည်။

ပုသိမ်တံတားသည် အပေါ်ထည် သံပေါင်ကြိုးတံတားနှင့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ပေ၂၁၄၀ဖြစ်ပြီး ၂၈ပေကျယ် ယာဉ်သွားလမ်းပါရှိမည့် တံတားဖြစ်သည်။ ထိုစဉ်က တံတားတည်ဆောက်ရေးလုပ်ငန်းများ ၄၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်-ပုသိမ်လမ်း ပုသိမ်နှင့် ကံကလေးကြား လမ်းတစ်လျှောက် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ ထိုမှတစ်ဆင့် မိုင် ၈၀/၀မှ ၄၃/၀ ကြိမ်ပင်ဆည်အထိ လမ်းအထူးအဖွဲ့ (၄)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းခွင်ကိုလည်း တွေ့ရှိခဲ့ရသည်။

စာရေးသူတို့သည် ပုသိမ်လေယာဉ်ကွင်းသို့ ရောက်ရှိခဲ့သည်။ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက လေယာဉ်ခရီးစဉ်များကို တိုးချဲ့ပျံသန်းပေးလျက်ရှိရာ ဧပြီ ၈ရက်ကစတင်၍ ရန်ကုန်-ပုသိမ်-သံတွဲ-ပုသိမ်-ရန်ကုန် ခရီးစဉ်ကို ဖော်ကာ၂၇လေယာဉ်ဖြင့် အပတ်စဉ် တစ်ပတ်လျှင်နှစ်ကြိမ် တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် ပျံသန်းပေးလျက်ရှိသည်။

စာရေးသူတို့ ကားလေးကို ရွှေမြင်တင်ဇက်ကြီးပေါ်တင်လျက် ပုသိမ်ဘက်ကမ်းမှ သာပေါင်းဘက်ကမ်းသို့ ကူး၍သွားကြသည်။ သာပေါင်းမြို့နယ်ရှိ အမှတ် (၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၂၀၀ပျော့ဖတ်စက်ရုံ စီမံကိန်း(သာပေါင်း) လုပ်ငန်းခွင်ကိုလည်း တွေ့ရှိခဲ့ရသည်။

တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)ကို သာပေါင်းမြို့နယ် လေ့ကြီးတက် ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသည်။ စီမံကိန်းလုပ်ငန်းများကို ၂၀၀၁ခုနှစ် နိုဝင်ဘာလ ၁ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ စက်ရုံတည်ဆောက်ရေးလုပ်ငန်း ၉၈ရာခိုင်နှုန်း၊ စက်တပ်ဆင်ရေးလုပ်ငန်း ၇၂ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ၂၀၀၄ခုနှစ် ဇူလိုင်လတွင် စက်စမ်းသပ်လည်ပတ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိခဲ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း (သာပေါင်း)တွင် ၁-၄-၂၀၀၄ရက်နေ့က အောက်ပါအတိုင်း လမ်းညွှန်မှာကြားခဲ့သည်-

"တစ်နေ့တန်၂၀၀ ပျော့ဖတ်စက်ရုံမှာ ကြီးမားသည့် စက်ရုံကြီးဖြစ်၍ စက်ရုံကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ကိုင်တွယ်လည်ပတ်ကုန်ထုတ်လုပ်နိုင်ရန် လိုကြောင်း။

စက်ရုံသို့ ကုန်ကြမ်းဝါးများ အချိန်မီ သယ်ယူရောက်ရှိရေးအတွက် နည်းလမ်းများ ရှာကြံထားရမှာဖြစ်သကဲ့သို့ လိုအပ်သော ကုန်ကြမ်းဝါးစဉ်ဆက်မပြတ် ရရှိစေရေးအတွက်လည်း စီမံချက်ချမှတ်၍ ဝါးစိုက်ခင်း၊ သစ်စိုက်ခင်းများစနစ်တကျ စိုက်ပျိုးထူထောင်သွားကြရမည် ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ပျော့ဖတ်နှင့်စက္ကူများ သုံးစွဲသူများထံ မြန်မြန်ဆန်ဆန် ရောက်ရှိရေးအတွက်လည်း သယ်ယူပို့ဆောင်ရေး အစီအမံများကို ကြိုတင်စဉ်းစားထားရန် လိုကြောင်း။

ဤစက်ရုံတည်ဆောက်မှု အတွေ့အကြုံများကို အခြေခံ၍ နောင်တည်ဆောက်သွားမည့် ပျော့ဖတ်နှင့်စက္ကူစက်ရုံများ၏ တည်ဆောက်သွားသင့်သည့် နေရာဒေသများအပြင် တည်ဆောက်သွားသင့်သည့် စက်အင်အား ပမာဏတို့ကို သုံးသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျော့ဖတ်နှင့် စက္ကူစက်မှုလုပ်ငန်းသည် အလားအလာရှိသည့် စက်မှုလုပ်ငန်းဖြစ်ကြောင်း"

နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့သည်။

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

စာရေးသူတို့ကားလေးသည် ပုသိမ်-သလပ်ခွာ-မော်တင်လမ်းအတိုင်း မောင်းနှင်ခဲ့သည်။ စိန်တောင်မှ မော်တင်သို့ ၈၇မိုင်ခရီးကို တောင်တက်တောင်ဆင်းများ၊ စိမ့်စမ်း၊ ချောင်း၊ မြောင်းများ၊ ဝါးတောများ၊ သစ်ဆွဲဆင်စခန်းနှင့် ပျဉ်းကတိုး သစ်တောကြိုးဝိုင်းကို ဖြတ်ကျော်၍ မော်တင်ကို ရောက်ခဲ့သည်။ ဆံတော်ရှင် မြတ်မော်တင်စေတီတော်အား ဖူးမြော်ပြီး စေတီတော်ခြေတော်ရင်းမှ သဲလမ်းကြောင်းအတိုင်း ခမောက်မော်ရွာသို့ မောင်းနှင်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များ ခမောက်မော်ရွာမှ ရေမိုင်ခုနစ်မိုင်ခရီးကို စက်လှေဖြင့် သမီးလှကျွန်းသို့ စွန့်စားသွားလာနိုင်သည်။ ကျွန်းပေါ်သို့ ရောက်လျှင် ကမ္ဘာ့လိပ်ကြီးများ ညအချိန် လိပ်ဥ ဥသည်ကို ကြည့်ရှုလေ့လာနိုင်သည်။ သမီးလှကျွန်းပေါ်တွင် လိပ်များကို အကောင်ဖောက်၍ တံဆိပ်ရိုက်ပြီး ပင်လယ်ထဲ ပြန်လွှတ်နေသည်။ ချောင်းသာနှင့် ငွေဆောင်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများနှင့်လည်း သိပ်မဝေးပါ။

စာရေးသူတို့ ကားလေးသည် နတ်မော်မှ ဟင်္သာတသို့ တလိမ့်လိမ့် မောင်းနှင်နေသည်။ ဟင်္သာတမြို့ကို ရောက်တော့ အသစ်ဖွင့်လှစ်လိုက်သည့် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးသို့လည်း စာရေးသူတို့ ရောက်ရှိခဲ့သည်။ ထိုဗိမာန်တော်ကြီးမှာ အလျား ပေ ၁၂၀၊ အနံပေ ၇၀ ရှိ ပရိသတ် ၅၀၀ ခန့် ဆံ့သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးဦးတည်ချက် လေးရပ်အနက် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အထူးစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ ၂၀၀၂ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အမှတ်စဉ်(၂/၂၀၀၂)ကြိမ်မြောက် အစည်းအဝေးမှ ကညင်ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက် ရရှိခဲ့သည်။ ကညင်ရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၇ ခုနှစ်တွင် စူးစမ်းလေ့လာမှုများ စတင်ဆောင်ရွက်ခဲ့သည်။

ကညင်ရေလှောင်တမံစီမံကိန်းသည် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်အတွင်း၌ တည်ရှိသည်။ ကညင်ရေလှောင်တမံ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်အတွင်းရှိ မြေဧရိယာဧက၂၅၀၀၀ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်၍ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။

ကညင်ရေလှောင်တမံစီမံကိန်းကို တပ်ကုန်းကျေးရွာအနီး ကညင်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိရာ ရေဆင်းဧရိယာမှာ ၁၂၉စတုရန်းမိုင်ရှိမည်ဖြစ်သည်။ ကညင်ချောင်းဒေသ အင်္ဂပူမြို့နယ်တွင် နှစ်စဉ်ပျမ်းမျှ မိုးရွာသွန်းသောမိုးရေချိန်မှာ ၇၉လက်မ ရှိသည်။ မိုးရွာသွန်းမှုအားကောင်းသော ဒေသဖြစ်သည့်အလျောက် နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ ၂၇၃၀၀၀ရှိကြောင်း လေ့လာရရှိပြီး အမြင့်ပေ ၁၉၄ပေ၊ ပင်မတမံ အလျား ပေ ၃၇၅၀ရှိသော မြေသားတမံကို တည်ဆောက်သွားမည် ဖြစ်သည်။

ကညင်ရေလှောင်တမံ တည်ဆောက်ပြီးစီးလျှင် ကန်ရေပြည့် ရေလှောင်ပမာဏမှာလည်း ဧကပေ ၁၃၇၀၀ရှိမည် ဖြစ်သည်။

စာရေးသူသည် အပြန်ခရီးတွင် ရွှေလောင်းတံတားနှင့်ဝါးခယ်မတံတားကို ဖြတ်ကျော်၍ ဝါးခယ်မမြို့သို့လည်း ဝင်ရောက်ခဲ့သည်။ ဝါးခယ်မမြို့တွင် ပရိယတ္တိကျောင်းတိုက်၊ခုတင်(၅၀)ဆံ့တိုးချဲ့ဆေးရုံသစ်နှင့် ဆေးရုံအတွင်း ခွဲစိတ်ဆောင်၊ သားဖွားဆောင်နှင့် ပြင်ပလူနာဌာနများ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကြီးများကို မကြာသေးမီကပင် သစ်လွင်ခံ့ညားစွာဖြင့် ဖွင့်လှစ်ပေးထားကြောင်း တွေ့ရှိခဲ့ရသည်။

ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် လမ်းတံတားများစွာ တည်ဆောက်ပေးလျက်ရှိသည်။ ယခင်က ရန်ကုန်မြို့မှ ဝါးခယ်မမြို့သို့ ရေလမ်းခရီးဖြင့်သွားရောက်ခဲ့ရပြီး ၁၄နာရီခန့်ကြာခဲ့သော်လည်း ယနေ့တွင်မူ ဗိုလ်မြတ်ထွန်းတံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတားကြီးများ တည်ဆောက်ပေးထားမှုကြောင့် မော်တော်ယာဉ်ဖြင့် တစ်ဆက်တစ်စပ်တည်း အချိန်နှစ်နာရီခွဲခန့်ဖြင့် သွားရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်က ဧရာဝတီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များမှာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။

လမ်းမကြီးများနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းအတွင်းရှိ မြို့ကြီးများအားလုံးကို ကွန်ကရစ်သဖွယ် ဆက်စပ်မိအောင် ဖောက်လုပ်ပေးခဲ့ရာ ဧရာဝတီတိုင်းသည် ယနေ့ လမ်းသစ်များဖောက်လုပ်ပေးမှု၌ လမ်းမိုင်အရှည်လျားဆုံး တိုးတက်ဖြစ်ထွန်းလာခဲ့သည့် ဒေသတစ်ခုပင် ဖြစ်သည်။

အလားတူပင် တံတားကြီးများကို ဧရာဝတီတိုင်း၏ မြောက်မြားလှစွာသော မြစ်များ၊ချောင်းများကို ဖြတ်ကျော်လျက် လမ်းများဆက်စပ်မိအောင် တည်ဆောက်ပေးထားပြီးဖြစ်သည်။ နိုင်ငံတော်က ဧရာဝတီတိုင်းတွင် ပေ၁၈၀ အထက် မြစ်ကူး၊ချောင်းကူး တံတားကြီးပေါင်း ၃၉စင်း တည်ဆောက်ပေးခဲ့သည်။

ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည်နှင့်အညီ ဆန်စပါးအထွက်တိုးရေး အစီအမံများ၊ လယ်မြေဖော်ထုတ်ရေး အစီအမံများကို စနစ်တကျ စီမံဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စပါးကျီဆိုသည့် ဂုဏ်ဒြပ်ကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းလျက် ရှိသည်။

ဧရာဝတီတိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ အဓိက ဆန်စပါးထွက်ရှိရာတိုင်းဖြစ်ပြီး ယခင်နှစ်က မိုးစပါးဧက ၃၄ သိန်း စိုက်ပျိုးနိုင်ခဲ့သည်။ နွေစပါးကိုလည်း ဧက ၁၆သိန်း စိုက်ပျိုးရန် လျာထားချက်နှင့်အညီ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများ တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိရာ အလားအလာ ကောင်းမွန်လျက်ရှိသည်။

ဧရာဝတီတိုင်း ညောင်တုန်း ဘူမိအနေအထားနှင့် ဆက်စပ်လျက်ရှိသည့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း(အလယ်) ဒေသများတွင် တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ ညောင်တုန်းတွင်းသစ် အမှတ် (၂၁)ကို အောင်မြင်စွာ တူးဖော်ပြီးစီးခဲ့ပြီဖြစ်ရာ အဆိုပါ တွင်းသစ်မှနေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေ ၆ဒသမ ၉၇၄သန်းနှင့် လေဆီ ၇၂စည်ခန့်ကို ထုတ်လုပ်လျက်ရှိသည်။

ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တွင်းပေါင်း ၁၆တွင်းမှ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ ၈၃သန်းခန့်နှင့် လေဆီ ၁၁၈၄စည်ခန့် ထုတ်လုပ်ပေးလျက်ရှိသည်။ ထွက်ရှိလာသည့် ဓာတ်ငွေ့များကို ညောင်တုန်း-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် ရန်ကုန်ဒေသအတွင်းရှိ စက်ရုံများသို့ ပို့လွှတ်ဖြန့်ဖြူးလျက်ရှိသည်။

ပန်းတနော်-ညောင်တုန်း-မအူပင်ဒေသ ဆက်စပ်လျက်ရှိသည့် ဘူမိအနေအထားများကို ဆိုက်စမစ် တိုင်းတာခြင်း၊ လေ့လာသုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဧရာဝတီတိုင်း ညောင်တုန်းမြို့အနီး အသစ်ထပ်မံရှာဖွေတူးဖော်လျက်ရှိသော တွင်းသစ်နှင့် ညောင်တုန်း-ရန်ကုန် ၁၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ် ဆက်သွယ်ရေးလုပ်ငန်းခွင်ကိုလည်း မြင်တွေ့ခဲ့ရသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်လျက်ရှိရာတွင် နိုင်ငံတစ်ဝန်းရှိ အခြားဒေသများနည်းတူ ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဧရာဝတီတိုင်းက မျက်မြင်ကိုယ်တွေ့ လေ့လာလိုသူများကို ကြိုဆိုလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အနာဂတ်တွင် မြင်းစီးအားကစားသမားကောင်းများ ပေါ်ထွန်းလာမည် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်သုံးဆုရ မြန်မာမြင်းစီးအားကစားအဖွဲ့

သတင်းဆောင်းပါး – သိန်းဝင်းလေး (မြန်မာ့အလင်း)၊ ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

မလေးရှားနိုင်ငံ အမျိုးသား မြင်းစီးအားကစားပွဲတော်တွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်နှစ်ခု ကြေးတံဆိပ်နှစ်ခု၊ အထူးဂုဏ်ပြုဆုတစ်ဆု ဆွတ်ခူးခဲ့သည့် မြန်မာ့မြင်းစီးအဖွဲ့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)



ရန်ကုန် ဇွန် ၁၀

ဇွန် ၃ရက်မှ ၆ရက်အထိမလေးရှားနိုင်ငံ ပီနန်ကျွန်းတွင် ကျင်းပခဲ့သည့် မလေးရှားအမျိုးသားမြင်းစီးအားကစားပွဲတော်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည့် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခုနှင့်အထူးဂုဏ်ပြုဆုတစ်ဆု ရယူအောင်ပန်းဆင်နိုင်ခဲ့သောနည်းပြချုပ်ဦးငြိမ်းကျော်ခေါင်းဆောင်သည့် မြန်မာမြင်းစီးအားကစားအဖွဲ့သည် ဇွန် ၈ရက်ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ နာယကအဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ဇနီးဒေါ်အေးအေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၏ ဇနီးဒေါ်မကြည်စိန်နှင့် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌဒေါ်နုနုရီနှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒုတိယ ဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးပြုံးမောင်မောင်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ သင်တန်းသား သင်တန်းသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ဂုဏ်ပြုကြိုဆိုကြသည်။

တွေ့ဆုံမေးမြန်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မြန်မာမြင်းစီး အားကစားအဖွဲ့ခေါင်းဆောင်နည်းပြချုပ် ဦးငြိမ်းကျော်အား ပြိုင်ပွဲအခြေအနေ၊ ဆုရရှိမှု၊ မြန်မာမြင်းစီးအဖွဲ့ချုပ်၏ ရေ့လုပ်ငန်းစဉ်များကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ရာ ဦးငြိမ်းကျော်က ဤသို့ရှင်းပြသည်။

"ယခုပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ စင်ကာပူနှင့် အိမ်ရှင် မလေးရှားနိုင်ငံ စသည့် လေးနိုင်ငံမှ ပြိုင်ပွဲဝင် အသင်းပေါင်း ၂၉ သင်း ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ မြန်မာနိုင်ငံမှ အမျိုးသား တစ်ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ ပြိုင်ပွဲမှာ အသက် (၁၆)နှစ်အောက် အလှစီးနှင့် တန်းမြင့်ခုန် မြင်းစီးပြိုင်ပွဲ၊ အသက်(၁၈)နှစ်အထက် အကြီးတန်း အလှစီးနှင့် တန်းမြင့်ခုန် မြင်းစီးပြိုင်ပွဲများ ပါဝင်ပြီး မိမိတို့ မြန်မာမြင်းစီး အားကစားအဖွဲ့ဟာ Dressage I အလှစီးပြိုင်ပွဲတွင် အေးသက်တာက ရွှေတံဆိပ်တစ်ခု၊ တန်းခုန် အလွတ်တန်းပြိုင်ပွဲတွင် အိသက်မွန်က ရွှေတံဆိပ်တစ်ခု၊ Dressage II အလှစီးပြိုင်ပွဲတွင် အိသက်မွန်က ရွှေတံဆိပ်တစ်ခုကို ထပ်မံ ဆွတ်ခူးပေးနိုင်ပြီး Show Jumping (တန်းခုန်)ပြိုင်ပွဲတွင် အောင်သူထွန်းက ငွေတံဆိပ်တစ်ခု၊ တန်းခုန် အလွတ်တန်းပြိုင်ပွဲတွင် အိသက်မွန်က ငွေတံဆိပ်တစ်ခု ရရှိခဲ့ပါတယ်။

ပြိုင်ပွဲ အတွေ့အကြုံနှင့် ရှေ့လုပ်ငန်းစဉ်များကို နည်းပြချုပ် ဦးငြိမ်းကျော်က ဤသို့ရှင်းပြသည်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

Dressage I အလှစီးပြိုင်ပွဲတွင် စုစုပုလဲက ကြေးတံဆိပ် တစ်ခု၊ Show Jumping တန်းခုန် ပြိုင်ပွဲတွင် အိသက်မွန်က ကြေးတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ပြီး အလှစီးပြိုင်ပွဲတွင် ပြိုင်ပွဲကော်မတီနှင့် Penans Tury Club ၏ အထူးဂုဏ်ပြုဆုကို (၁၁) နှစ် သမီးငယ် ယမုံဦးက ရရှိခဲ့ပါတယ်။ ပြိုင်ပွဲဝင် ခုနစ်ဦးအနက် ခင်နှင်းပွင့်ပြုံးက အသက်(၁၈) နှစ် သက်ကြီးတန်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အလှစီး (၁) ပြိုင်ပွဲတွင် သတ္တမနှင့် အလှစီး (၂) ပြိုင်ပွဲတွင် နဝမရရှိခဲ့ပါတယ်။ ပြိုင်ပွဲဝင် ၄၀ အနက် ယခုလို နံပါတ်ချိတ်နိုင်ခြင်းကြောင့် သူမဟာလည်း အဆင့်မနိမ့်ခဲ့ပါဘူး။

မိမိတို့အဖွဲ့ ပြိုင်ပွဲဝင်အသင်းများ၏ ဂရုပြုမှု၊ လေးစားမှု ခံရပါတယ်။ အခြားနိုင်ငံများမှ ပြိုင်ပွဲဝင်များ၏ ဖိတ်ကြားခြင်းခံရပါတယ်။ မိမိတို့နိုင်ငံမှာလည်း ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်း အာဆီယံနိုင်ငံများ တာဝေးမြင်းစီးပြိုင်ပွဲကို ပြုလုပ်ရန် စီစဉ်ထားပါတယ်။ ရှေ့လုပ်ငန်းစဉ်များအနေနဲ့ ယခုပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ကလေးများနှင့် မျိုးဆက်သစ်များနှင့် ပဏာမလက်ရွေးစင်များ ရွေးချယ်ပြီး နိုင်ငံတကာ ပြိုင်ပွဲများအတွက် စနစ်တကျ လေ့ကျင့်ပေးသွားမည်ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

မလေးရှားနိုင်ငံ အမျိုးသား မြင်းစီးအားကစားပွဲတော် မြင်းစီးပြိုင်ပွဲတွင် အထူးဂုဏ်ပြုဆုရ အသက် ၁၁ နှစ်အရွယ် သမီးငယ် ယမုံဦးအား ဆုနှင့်အတူ တွေ့ရစဉ်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

မလေးရှားနိုင်ငံ အမျိုးသား မြင်းစီးအားကစားပွဲတော် အလှစီးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု ရယူပေးခဲ့သူ အေးသက်တာအား ဆုနှင့်အတူ တွေ့ရစဉ်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

မျိုးဆက်သစ်

ယခု ပါဝင်ယှဉ်ပြိုင်ခဲ့သောသူများသည် အသက် ၁၁ နှစ်မှ ၁၅ နှစ်အတွင်း ခြောက်ဦးပါဝင်ပြီး အသက် ၁၈နှစ် တစ်ဦးသာ ပါဝင်လျက်ငယ်ရွယ်သူမျိုးဆက်သစ် လူငယ်များသာဖြစ်ပြီး နောင်အနာဂတ်တွင် ထွန်းတောက်လာမည့် မြန်မာ့မြင်းစီးအားကစားသမားကောင်းများ ပေါ်ထွန်းလာမည်ဟု ယုံကြည်လျက် ရေးသားတင်ပြအပ်ပါသည်။ ။

(မြန်မာ့အလင်း)

မလေးရှားနိုင်ငံ အမျိုးသား မြင်းစီးအားကစားပွဲတော် မြင်းစီးပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ရယူပေးခဲ့သူ အိသက်မွန်အား ဆုနှင့်အတူ တွေ့ရစဉ်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

ဆုတံဆိပ်

Penans Tury Club၏ အထူး ဂုဏ်ပြုဆုကို အသက် ၁၁ နှစ် အရွယ် ယမုံဦးက ရရှိရာ မြင်းတံဆိပ်ပါ ဆုတံဆိပ်အား တွေ့ရစဉ်။
(ဓာတ်ပုံတင်စိုး–မြန်မာ့အလင်း)

ဘဏ္ဍာ/အခွန်အသင်းက ပို့ဆောင်ရေးကိုအနိုင်ရရှိ စွမ်းအင်အသင်းနှင့် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ပို့ဆောင်ရေးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိထားသော ဘဏ္ဍာ/အခွန်အသင်းက ပို့ဆောင်ရေးအသင်းကို ခြေအသာစီးမှ ကစားပြီး အနိုင်ရရှိသွားခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ပထမဂိုးကို ၁၈မိနစ်တွင် အောင်ဟိန်းလတ် ဂိုးရှေ့သို့ အမြောက်ကန်ပို့ပေးသည့် ဘောလုံးကို ကျော်သူရက ပိတ်သွင်းယူသည်။ ဒုတိယဂိုးကို ၄၅ မိနစ်တွင် ပို့ဆောင်ရေးဂိုးနှင့် ကိုက် ၂၀ အကွာမှ ထွန်းထွန်းဝင်းက တိုက်ရိုက်ကန်သွင်းယူသည်။ ပထမပိုင်းအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်သဖြင့် နှစ်ဂိုး–ဂိုးမရှိဖြင့် ပွဲပြီးသွားသည်။ ဘဏ္ဍာ/အခွန်အသင်းတွင် ဒုတိယပိုင်း၌ လက်ရွေးစင်ဟောင်းများဖြစ်ကြသော မျိုးလှိုင်ဝင်းနှင့် သန်းဝေတို့ ပါဝင်ကစားသွားကြသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ဘဏ္ဍာ/အခွန်အသင်းမှ ကျော်သူရက ရရှိသည်။

ဗိုလ်လုပွဲ

ဇွန် ၁၄ ရက် ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

11-6 (11).p65 1 03/24/1905, 2:44 PM

ပြည်နယ်အနေဖြင့် ယခုနှစ်တွင် ရာခိုင်နှုန်းပြည့် ဒေသဝမ်းစာဖူလုံရေးမျှော်မှန်း စိုက်ပျိုးရေးလုပ်ငန်း ခေတ်မီလယ်ယာသုံးစက်ကိရိယာများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇွန် ၆ ရက်နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မွန်းလွဲ ၁၂နာရီခွဲတွင် လားရှိုးလေဆိပ်သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်လိုက်ပါလျက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က လားရှိုးမြို့ မြေ ၂ဒသမ၇၅ဧကေ၌ တိုင်းစံပြနှစ်ရှည်ပင်ဆင်းရွှေလီပျားလိမ္မော်အပင် ၄၁၅ပင် စိုက်ပျိုးထားသည့် စိုက်ခင်းနှင့် စားဖိုဆောင်သုံးသီးနှံအတွက် ခရမ်းပင်များ သီးညှပ်စိုက်ပျိုးထားရှိမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မက္ကဒေးမီးယားအပင် ၄၀၀၀နှင့် ကော်ဖီပင် ခုနစ်သိန်း ပျိုးထောင်ထားသည့် ပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီးမျိုးချစ်က မက္ကဒေးမီးယားပျိုးပင် ပြုစုပျိုးထောင်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့ဝင်များသည် ကော်ဖီ ပျိုးပင်နှစ်သိန်းပျိုးထောင်ထားသော ပျိုးစင်အမှတ်(၁)နှင့် ကော်ဖီပျိုးပင် ၂၂၀၀၀ ပျိုးထောင်ထားသော ပျိုးစင်အမှတ်(၂)တို့သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က စိုက်ပျိုးထားသည့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး သုတေသနစိုက်ခင်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာတစ်ဧကေ တင်း ၆၀ ထွက်ရှိသည့် စံပြနေကြာမျိုးစေ့များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး သုတေသနစိုက်ခင်းရှိ စပါးရွက်အရောင်ကိုကြည့်၍ ယူရီးယား ဓာတ်မြေဩဇာ ထည့်သွင်းနည်းဖြင့် ပျိုးထောင်စိုက်ခင်းအတွင်း အထူး အထွက်တိုး ဆင်းရွှေလီစပ်မျိုးစပါး အဖိုမြုံထိန်းလိုင်းရှိ စပါးစေ့တစ်စေ့တည်းမှ အောင်နှံအနှံ ၁၃၀ ဖြစ်ထွန်းနေသည့် စပါးပင်နှင့် အဖိုလိုင်း (Rလိုင်း) စပါး စေ့တစ်စေ့တည်းမှ အောင်နှံ အနှံ ၅၀ ဖြစ်ထွန်းနေသည့် စပါးပင်တို့ကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ တိုက်ရိုက်အစေ့ချ သုတေသနစိုက်ခင်းအတွင်းရှိ Rလိုင်း (အဖိုလိုင်း) သုတေသနစံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဆင်းရတနာအထွက်နှုန်းကောင်းမျိုးစပါး သုတေသနစိုက်ခင်း သို့ရောက်ရှိကြရာ ဆင်းရွှေလီစပ်မျိုးစပါး အဖိုမြုံထိန်း(B လိုင်း)နှင့် ဧက နှစ်သိန်းအတွက် (F.1)မျိုးစေ့ ထုတ်လုပ်မည့် စီမံချက်များကို မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မျိုးစေ့ တာဝန်ခံဒေါ်လှမင်းက ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဖိုမြုံထိန်း(Bလိုင်း) စိုက်ခင်းအတွင်းရှိ စပါးအစေ့တစ်စေ့တည်းမှ အပင်ပွားနှုန်းကို ကြည့်ရှု စစ်ဆေးသည်။

ကြိုဆို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး (F.1) မျိုးစေ့ထုတ် နွေစပါးစံပြ ဧက ၁၂၀ စိုက်ခင်းသို့ ရောက်ရှိကြရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး လားရှိုးမြို့ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်၌ ကော်ဖီပင်ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မျိုးစေ့များပေးအပ်

ဧက ၁၀၀၀စပ်မျိုး စပါးထုတ် လုပ်ရေးအတွက် တာဝန်ပေးအပ်ပွဲအခမ်း အနားကို မွန်းလွဲ ၂နာရီတွင် ဆင်းရွှေလီတောင်သူလယ်သမားခန်းမ၌ ကျင်းပရာနိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးတက် ရောက်၍ အမှာစကားပြောကြားပြီး စိုက်ကြပ် ခေါင်းဆောင်များအား မျိုးစေ့များပေးအပ်သည်။

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီး အကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်အနေဖြင့် ယခုနှစ်တွင် ရာခိုင်နှုန်းပြည့် ဒေသဝမ်းစာဖူလုံရေးကို မျှော်မှန်းပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိရာ လူ၏လုပ်အားဖြင့်သာ ဆောင်ရွက်ပါက အခက်အခဲရှိနိုင်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းကို ခေတ်မီလယ်ယာသုံးစက်ကိရိယာများဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်အနေဖြင့် ဒေသခံတောင်သူ လယ်သမားများအား ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးပေးခဲ့သည့် အတွက် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ဖြစ်ထွန်း လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ဤကဲ့သို့ တိုးတက်အောင်မြင် ဖြစ်ထွန်းမှုများသည် တိုင်း၏ ပံ့ပိုးမှု၊ စိုက်ပျိုးရေးလုပ်ငန်းမှတာဝန်ရှိသူများ နှင့် ဒေသခံတောင်သူလယ်သမားကြီး များ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများကြောင့်ပင်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ကုန်းမြင့်ယာမြေတစ်ဧက ၁၀၀၀မျိုးစေ့ထုတ်ဇုန်သို့ ရောက်ရှိကြပြီး ရှင်းလင်း ဆောင်၌ ပြည်နယ်သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးခင်မောင်ဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း သစ်ဆိမ့်ပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ဆက်လက်စိုက်ပျိုးသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ကုန်းမြင့်ယာမြေ(၁) ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ငါးမွေးမြူရေးကန်သို့ ရောက်ရှိကြပြီး ငါးကန်အတွင်း ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၅၀၀၀နှင့် တလားဗီးယားငါးသားပေါက်ကောင် ၄၀၀၀တို့ကို မျိုးထည့်သွင်းပေးသည်။

ဆက်လက်၍ ခေတ်မီရေဖြန့်ဝေရေးစနစ်ဖြင့် စိုက်ပျိုးလျက်ရှိသော ဘိန်း အစားထိုးသီးနှံအဖြစ် မက္ကဒေးမီးယားအပင် ၃၅၀၀နှင့် ဆင်းရွှေလီပျား လိမ္မော်အပင် ၂၀၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကုန်းမြင့်ယာမြေ (၁)၊ ဧက၁၀၀၀မျိုးစေ့ထုတ် ဇုန်အတွင်းရှိ စိုက်ခင်းများသို့ စိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိသော ခေတ်မီရေဖိအားသုံး Hydrum စနစ်ဖြင့် ရေသိုလှောင်ဖြန့်ဖြူးပေးနေသည့် ရေဂါလန်နှစ်သိန်းဆံ့ အရန်ရေလှောင်ကန်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန် ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည် ရုံသုံးရုံတင် ဘာအရေးကြီးဆုံးလဲဇာတ်ကား ရှေ့ဆောင်၌ ဆက်လက်ပြသ

'တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ ဖြစ်တတ်သည်'မှ ဒွေးနှင့် ထက်ထက်မိုးဦး။

'ဘာအရေးကြီးဆုံးလဲ' ဇာတ်ကားမှ ဆုပန်ထွာ။



ရန်ကုန် ဇွန် ၁၀

နွယ်မျိုးထွင့်၏ဝတ္ထုကို ရွေးချယ်ပြီး ဇာတ်ညွှန်းရေးဖွဲ့ပြီး ဒါရိုက်တာ မလိခစိုးထိုက်အောင်ရိုက်ကူးသည့် **'တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ ဖြစ်တတ် သည်'** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက်ပြသနေသည်။

အချစ်သည် တစ်ခါတစ်ရံ၌ ချစ်သူကို ရယ်မောပျော်ရွှင်စေသည်။ အချစ်သည်တစ်ခါတစ်ရံ၌ ချစ်သူကို လွမ်းဆွတ်ကြေကွဲစေသည်။ လွမ်းဆွတ်ကြေကွဲခြင်းနှင့်ရယ်မောပျော်ရွှင်ခြင်းကို ဖန်တီးသောအရာကို အချစ်ဟု ခေါ်သည်။ ထို့ကြောင့် **'တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်'**ဟု မလိခစိုးထိုက်အောင်က ဒွေး၊ထက်ထက်မိုးဦးတို့ဖြင့် အချစ်၏အဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်။ **'ဘာအရေးကြီးဆုံးလဲ'**ရှေ့ဆောင်ရုံ၌ ဝင်လာသည်။ လောကတွင် **'ဘာ အရေးကြီးဆုံးလဲ'** ဆိုသော ပဟေဠိကို ကျော်သူ၊လူမင်းနှင့်ဇာဂနာတို့ကအဖြေညှိထားသည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Clark Johnson ရိုက်ကူးသည့် S.W.A.T အက်ရှင်ဇာတ်ကား ဆက်လက်ပြသနေသည်။ တန်းမြင့် မြို့မရုံတွင် အက်ရှင်မင်းသား ဆူနီးရှက်တီးနှင့်မင်းသမီးချော့ရာဗီးနား တန်ဒါတို့ ခေါင်းဆောင် ပါဝင်ထားသော အချစ်အက်ရှင်ဇာတ်ကြမ်းကား Officer ဇာတ်ကား ပြသလျက် ရှိသည်။

ရုပ်ရှင်သတင်းထောက်

ဘုရင့်ရုံတွင် အိန္ဒိယနာမည်ကြီး မင်းသား ရှာရွတ်ခန်၊ မင်းသမီး ကာရီးနားကပူး၊ အဂျက်ကူးမား၊ ဒိုင်နီတို့ ခေါင်းဆောင် ပါဝင်ထားသော ရာဇဝင်ဇာတ်ကား အသောက မင်းကြီး (Asoka) ဇာတ်ကားရုံဝင်လာသည်။

ပညာပေးဇာတ်ကား

နဝဒေး၊ ရွှေဂုန်၊ စံပြနှင့် မစိုးရိမ်ရုံများတွင် သူထူးစံ၊ နေတိုး၊ ကျော်ဇောဟိန်း၊ ဝေယံ၊ မျိုးစန္ဒီကျော်၊ အေးဝတ်ရည်သောင်းတို့ ခေါင်းဆောင် ပါဝင်ထားသော **'ခရောင်းလမ်းမှ အပြန်'** ဒီဗီဒီဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားကို မြဝတီမြို့ ရွှေကုက္ကိုနှင့် မဲဆောက်မြို့တွင် သွားရောက် ရိုက်ကူးထားသည်။ အမေနှင့်သား၊ညီနှင့်အစ်ကို၊မောင်နှင့်နှမတို့ကြား ဖြစ်တတ်သော သဘောထား ကွဲလွဲမှုများကို ပညာပေးရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

လာမည့်သောကြာရုံတင်မည့် 'စတိုင်'ဇာတ်ကားမှ ရာဇာနေဝင်းနှင့် စိုးမြတ်နန္ဒာ။

စတိုင်ဇာတ်ကား ဇွန် ၁၈ရက်တွင် ရုံဝင်မည်

ခေတ်ရှေ့ပြေးနေသော လူငယ်လေးနှင့် ရိုးသားလိမ္မာယဉ်ကျေးသူ မိန်းကလေးတို့၏ အသွင်မတူသော အချစ်ဇာတ်လမ်းကို ခေတ်ဆန်သော မိန်းကလေးနှင့် ရိုးသားကြိုးစားသော လူငယ်လေးတစ်ဦး၏ စရိုက်မတူ စုံတွဲနှင့် ပေါင်းစပ်လိုက်သောအခါ ဆန့်ကျင်ဘက်စုံတွဲနှစ်တွဲ၏ စတိုင် ဇာတ်လမ်း ဖြစ်ပေါ်လာသည်။ 'စတိုင်'ဇာတ်ကားကို ဒါရိုက်တာ မိုက်တီးက လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ ရာဇာနေဝင်း၊ စိုးမြတ်နန္ဒာတို့ဖြင့် သရုပ်ဖော်ထားသည်။ ဇွန် ၁၈ ရက်တွင် သမ္မတ၊ မင်္ဂလာနှင့် သွင်အဆင့်မြင့်ရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

✡ *ကျောဖုံးမှ*

မိမိတို့အသင်း၏ ကစားကွက်ပုံစံနှင့် နည်းဗျူဟာများကိုအသေးစိတ် ချမှတ်ပုံဖော်လျက် ရှိသလို အားကစားသမားများကလည်း ခြေစွမ်းပြနိုင်ရေးအတွက် ကြိုးစားလေ့ကျင့်လျက်ရှိကြသည်။

အိမ်ရှင်ပေါ်တူဂီနှင့် ခြေစစ်ပွဲအောင်အသင်း ၁၅သင်းတို့၏ ယူရို ၂၀၀၄ ပြိုင်ပွဲ အကြို မေ ၂၈ ရက်မှ ဇွန် ၆ ရက်အတွင်း ယှဉ်ပြိုင်ကစားခဲ့သော ချစ်ကြည်ရေးခြေစမ်းပွဲ ရလဒ်များအပေါ် သုံးသပ်ချက်ကို ဆက်လက် တင်ပြပါမည်။

အုပ်စု(ခ)

အုပ်စု(ခ)မှအသင်းများ ခြေစမ်းပွဲရှစ်ပွဲယှဉ်ပြိုင်ကစားခဲ့ကြရာ ပြင်သစ်ကနှစ်ပွဲ၊ အင်္ဂလန်ကနှစ်ပွဲ၊ ခရိုအေးရှားကနှစ်ပွဲနှင့် ဆွစ်ဇာလန်ကနှစ်ပွဲဖြစ်သည်။ လက်ရှိချန်ပီယံပြင်သစ်အသင်းသည်ပြင်သစ်မြေ၌ အင်ဒိုရာနှင့်ခြေစမ်းရာ လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲတွင် ဝီးတော့ဒ်ကနှစ်ဂိုး၊ ဆာဟာနှင့်မာလက်တို့က တစ်ဂိုးစီသွင်းယူပေးကြသည်။ ပြင်သစ်မြေ၌ပင် ခြေစစ်ပွဲ မအောင်သောယူကရိန်းအသင်းနှင့် ခြေစမ်းကစားရာ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပြင်သစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဇီဒန်းကသွင်းယူပေးခဲ့သည်။

ယူကရိန်းအသင်းသည် ခြေစမ်းပွဲမအောင်သော်လည်း အသင်းကောင်းတစ်သင်းဖြစ်ရာ ပြင်သစ်အသင်းကအနိုင်ရရှိရေး အထူးကြိုးစားကစားခဲ့ရသည်။ ယူကရိန်း၌ ရှက်ချင်ကို (အေစီမီလန်)မပါဝင်ဘဲ ပြင်သစ်အသင်းတွင် ဇီဒန်း၊ အွန်နရီ၊ ရောဘတ်ပီးရက်စ်၊ ဗီယာရာနှင့် မက်ခ်လီလီတို့လူစုံပါဝင်ကစားခဲ့သည်။ ပြင်သစ်အသင်း၏ ခြေစမ်းပွဲရလဒ်မှာ အားရစရာကောင်းသဖြင့် ချန်ပီယံသရဖူကို ကာကွယ်နိုင်သည့် ခြေစွမ်းမျိုးပင်ဖြစ်သည်။ လေ့ကျင့်ခန်းဆင်းရင်း ခြေကျင်းဝတ် ဒဏ်ရာရရှိထားသော ပြင်သစ်တိုက်စစ်မှူးထရက်ဇီဂေးသည် ဒဏ်ရာသက်သာပြီဖြစ်၍ ဇွန် ၁၄ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ်တွင် ကစားမည့်အင်္ဂလန်အသင်းနှင့်ပွဲတွင် ပါဝင်ကစားနိုင်ဖွယ်ရှိသည်။

အင်္ဂလန်အသင်း

နာမည်ကြီးအင်္ဂလန်အသင်းသည် အင်္ဂလန်မြေ၌ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ ဂျပန်နှင့်တစ်ဂိုးစီသရေကျပြီး အသင်းငယ်လေးအိုက်စလန်ကို ခြောက်ဂိုး–တစ်ဂိုးဖြင့်ဂိုးပြတ်နိုင်ခဲ့သည်။ ဂျပန်အသင်းနှင့်ပွဲတွင် မိုက်ကယ်အိုဝင်က ဦးဆောင်ဂိုးသွင်းယူပြီး အိုက်စလန်နှင့်ပွဲတွင် ဝိန်းရူနီနှင့် ဗက်ဆဲလ်တို့က နှစ်ဂိုး၊ ဖရန့်လမ်းပတ်နှင့် ဝိန်းဘရစ်ဂျ်တို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ ဂျပန်အသင်းနှင့်ပွဲတွင် အင်္ဂလန် ခြေစွမ်းမပြနိုင်ဘဲ အိုက်စလန်နှင့်ပွဲတွင် ခြေစွမ်းပြကာ ဂိုးပြတ်အနိုင်ရခဲ့သည်။

နည်းပြအဲရစ်ဆင်အနေဖြင့် ဂျပန်နှင့်ပွဲက အဆင်မပြေခဲ့သော ကစားကွက်ပုံစံ (Diamond Shape)ကို အိုက်စလန်နှင့်ပွဲတွင် ပြောင်းလဲခဲ့၍ ဂိုးသွင်းအားတက်လာခဲ့သည်။ နည်းပြအဲရစ်ဆင်က ခြေစမ်းပွဲတွင် ကစားသမားအားလုံးနီးပါး စမ်းသပ်ခဲ့သလို ကစားကွက်ပုံစံကို အမျိုးမျိုးပြောင်းခဲ့၍ ပြိုင်ဘက်များက ခန့်မှန်းရခက်နေသည်။ အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်း ဒဏ်ရာသက်သာ၍ လစ္စဘွန်းအမျိုးသားအားကစားကွင်း၌ ကစားဖော်များနှင့်အတူ လေ့ကျင့်ခန်း ဆင်းနေပြီဖြစ်သည်။ အင်္ဂလန်နောက်တန်းလူ ဂယ်ရီနဗ်ဗီးလ် ... (sic) ဂွန်တယ်ရီမှာ ဒဏ်ရာကြောင့် ပြင်သစ်နှင့်ပွဲဦးထွက်၌ ပါဝင်နိုင်ဖွယ်မရှိဘဲ ဖြစ်နေသည်။

ခရိုအေးရှားအသင်း

ခရိုအေးရှားအသင်းသည် အိမ်ကွင်း၌ တစ်ပွဲ၊ အဝေးကွင်း၌ တစ်ပွဲခြေစမ်းခဲ့ရာ နှစ်ပွဲစလုံးအနိုင်ရရှိခဲ့သည်။ အိမ်ကွင်း၌ ဆလိုဗားကီးယားနှင့်ခြေစမ်းရာ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တစ်လုံးတည်းသော အနိုင်ဂိုးကို အိုင်ဗာကာအိုလစ်က သွင်းယူပေးသည်။ အိုင်ဗာကာအိုလစ်သည် စီအက်စ်ကေအေမော်စကိုမှ ဖြစ်ပြီး အသက် ၂၅နှစ်သာရှိသေးသည်။ ယူရို ၂၀၀၄၌ စောင့်ကြည့်ရမည့် ဘောလုံးသမားများထဲတွင် တစ်ဦး အပါအဝင်ဖြစ်ပြီး ရှေ့တန်း၌ ဒါဒိုပါဆိုနှင့်တွဲ၍ ကစားရဖွယ်ရှိသည်။

ခရိုအေးရှားအသင်းသည် အုပ်စု(ဂ)မှ ဒိန်းမတ်အသင်းနှင့် ဒိန်းမတ်မြေ၌ ခြေစမ်းရာ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပထမဂိုးကို ဘိုကိုတာကသွင်းယူပြီး ဒုတိယဂိုးကို အိုင်ဗာကာအိုလစ်ကပင် သွင်းယူသည်။ ခြေစမ်းပွဲရလဒ်များအရ ခရိုအေးရှားအသင်းခြေစွမ်းမည့်ရာ အင်္ဂလန်နှင့်ပြင်သစ် တစ်သင်းသင်း ခြေချော်လျှင် ခရိုအေးရှားအုပ်စု တက်နိုင်ဖွယ်ရှိသည်။ ခရိုအေးရှား အသင်းသည် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် တတိယ ဆုရရှိခဲ့ရာ တစ်ကျော့ပြန်အောင်မြင်မှု ရရှိရေးအတွက် မျှော်လင့်ချက်ထားနေကြသည်။

ဆွစ်ဇာလန်အသင်း

ဆွစ်ဇာလန်အသင်းသည် အိမ်ကွင်း၌ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးခဲ့သည်။ အုပ်စု(ဃ)မှ ဂျာမနီအသင်းနှင့်ခြေစမ်းရာ နှစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးပြီး လက်ချင်စတိန်းနှင့်ခြေစမ်းရာ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ်၉၀တွင် ဂီးဂက်စ်က သွင်းယူပေးသည်။ ဆွစ်ဇာလန်အသင်းသည် နာမည်ကြီးဂျာမနီကို မယှဉ်နိုင်သလို အသင်းငယ်လေး လက်ချင်စတိန်းကို နောက်ကျဂိုးတစ်ဂိုးဖြင့်သာ အနိုင်ရရှိခဲ့သည်။

ဆွစ်ဇာလန်အသင်း၏ ခြေစွမ်းမှာ အုပ်စုတွင်းပြိုင်ဘက် ပြင်သစ်၊ အင်္ဂလန်၊ ခရိုအေးရှားတို့နှင့်ယှဉ်လျှင် အားနည်းနေသည်။ ဖျက်မြင်းအဆင့်သာရှိပြီး အုပ်စုတက်နိုင်ဖွယ်မရှိပေ။ အထူးအားထားရသော တိုက်စစ်မှူး စထေရီလာဒဏ်ရာကြောင့် မပါဝင်နိုင်သဖြင့် အသက် ၁၈နှစ်အရွယ် ဘိုလန်သမ်နှင့် လူစားထိုး လိုက်ရခြင်းနှင့် အလယ်တန်းလူ ဂျိုဟန်လွန်ဖတ်ကျောဒဏ်ရာ ရထားသဖြင့် စိန့်ဂါလင်ကလပ်မှ ထရန်ကွီလိုဘာနက်တာနှင့် လူစားထိုးလိုက်ရခြင်းတို့မှာ နည်းပြ ကိုဘီခန်းအဖို့ အခက်အခဲဖြစ်စေခဲ့ရသည်။

အုပ်စု(ဂ)

အုပ်စု(ဂ)မှအသင်းများ ချစ်ကြည်ရေးခြေစမ်းပွဲခြောက်ပွဲယှဉ်ပြိုင်ကစားခဲ့ကြရာ ဆွီဒင်ကနှစ်ပွဲ ၊ ဒိန်းမတ်ကနှစ်ပွဲ၊ အီတလီက တစ်ပွဲနှင့် ဘူလ်ဂေးရီးယားကတစ်ပွဲဖြစ်သည်။ ဆွီဒင်အသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ ပထမပွဲ အဝေးကွင်း၌ ဖင်လန်ကို သုံးဂိုး–တစ်ဂိုး၊ ဒုတိယပွဲ အိမ်ကွင်း၌ ပိုလန်ကို သုံးဂိုး–တစ်ဂိုးဖြင့် နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။ ဖင်လန်နှင့် ပိုလန်တို့ ခြေစွမ်းမည့်ကြ၍ဆွီဒင်အသင်းရလဒ်ကောင်းသည်ဟုဆိုနိုင်သည်။ အုပ်စုအနေအထားအရ ဆွီဒင်အသင်း အုပ်စုတက်ရန် အလားအလာ ကောင်းနေသည်။

ဒိန်းမတ်အသင်း

ဒိန်းမတ်အသင်းသည် ချစ်ကြည်ရေး ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာ အဝေးကွင်း၌ အက်စတိုးနီးယားနှင့် နှစ်ဂိုးစီသရေကျပြီး အိမ်ကွင်း၌ ခရိုအေးရှားကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့သည်။ ဒိန်းမတ်အသင်းသည် ၁၉၉၂ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သော်လည်း ယခုခြေစမ်းပွဲရလဒ်များအရ အုပ်စုတက်ရန် အတော်ရုန်းကန်ရမည့် အနေအထားပင်ဖြစ်သည်။ ဒိန်းမတ်အသင်းတိုက်စစ်မှူး ဂရွန်ဂျာ (ချယ်လ်ဆီး)သည် မိသားစုဝင်တစ်ဦး၏ ကျန်းမာရေးအခြေအနေကြောင့် ပေါ်တူဂီသို့မလိုက်ဘဲနေရစ်ခဲ့သည်။ ဒိန်းမတ်နည်းပြ မော်တင်အော်ဆင်က ဂရွန်ဂျာနေရာတွင် လူစားမထိုးဘဲ



ယူရို ၂၀၀၄ ပြိုင်ပွဲ အကြို အင်္ဂလန်နှင့် အိုက်စလန် ချစ်ကြည်ရေးခြေစမ်းပွဲတွင် အင်္ဂလန်အသင်းမှအလယ်တန်းလူ စတီဗင်ဂျာရတ်၏ ထိုးဖောက်ကစားမှုအား ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

အပြီးသတ် ၂၃ဦးအစား ၂၂ဦးဖြင့်သာ ပြိုင်ပွဲဝင်သွားမည်ဟုပြောခဲ့သည်။

ဘူလ်ဂေးရီးယား

ဘူလ်ဂေးရီးယားအသင်းသည်အဝေးကွင်း၌ အုပ်စု(ဃ)မှ ချက်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားခဲ့ရာ သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဘူလ်ဂေးရီးယားအသင်းအတွက်တစ်လုံးတည်းသော ချေပဂိုးကိုပွဲပြီးခါနီးမှမိလန်ပက်ကော့ဗ်က သွင်းယူခြင်းဖြစ်သည်။ ဘူလ်ဂေးရီးယားအသင်းသည် အုပ်စု(ဂ)တွင် အားအနည်းဆုံးအနေအထား၌ ရှိနေသော်လည်း မထင်မှတ်ဘဲ အုပ်စုတက်နိုင်ဖွယ်ရှိသည်။ ဘူလ်ဂေးရီးယားအလယ်တန်းလူဗီလစ်ဇာဒီမီထရော့သည် ဒဏ်ရာရထားသဖြင့် ဇွန် ၁၅ရက် မြန်မာစံတော်ချိန် ၁ နာရီ ၁၅ မိနစ်၌ ကစားရမည့် ဆွီဒင်နှင့်ပွဲတွင်ပါဝင်နိုင်ရန် မသေချာသေးပေ။ ချက်အသင်းနှင့် ခြေစမ်းပွဲမကစားမီ သွေးပူလေ့ကျင့်ခန်းပြုလုပ်စဉ် ဗီလစ်ဇာဒီမီထရော့ ပေါင်ကြွက်သား ဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်သည်။

အီတလီအသင်း

အုပ်စု(ဂ)၌ အုပ်စုပထမရနိုင်သည်ဟု အများကထင်ကြေးပေးခြင်းခံရသော အီတလီအသင်းသည် တူနီးရှားနှင့် အဝေးကွင်း၌ ခြေစမ်းကစားခဲ့ရာ လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အီတလီအသင်း အတွက် ကန်နာဗာရို၊ ပီယာလိုနှင့် ဇမ်ဘရော့တာတို့က တစ်ဂိုးစီ သွင်းပြီး တူနီးရှားမှ ဘိုအာတီဇီက ကိုယ့်ဂိုးကိုယ်တစ်ဂိုး သွင်းမိသည်။ အီတလီအသင်း ခြေစွမ်းပြနိုင်သောကြောင့် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှု မြင့်တက်လာခဲ့သည်။ အသင်း ခေါင်းဆောင် မာလ်ဒီနီ အနားယူသွားပြီဖြစ်၍ မပါဝင်နိုင်သော်လည်း နောက်တန်း၌ နာမည်ကျော် ကန်နာ ဗာရိုနှင့် နက်စတာတို့ ပါဝင်နေဆဲဖြစ်သည်။

အီတလီအသင်းကို ၄–၂–၃–၁ ပုံစံဖြင့် လူနေရာချထားပြီးကစားစေမည်ဟု နည်းပြဆရာ ထရာပက်တိုနီက ဆိုသည်။ ပွဲဦးထွက် ဒိန်းမတ်နှင့်ကစားမည့် အီတလီလူ စာရင်းကို ထုတ်ပြန် ကြေညာလိုက်ရာ **(ဂိုး)** ဘတ်ဖွန်၊ **(နောက်တန်း)** ပနူချီ၊ ကန်နာဗာရို၊ ဇမ်ဘရော့တာ၊ နက်စတာ၊ **(အလယ်တန်း)** ဇာနက်တီ၊ ပါရော့တာ၊ တော့တီ၊ ကာမိုရာနီစီ၊ **(ရှေ့တန်း)** ဗီယာရီနှင့် ဒယ်ပီယာရိုတို့ပါဝင်ကြသည်။

အုပ်စု (ဃ)

အုပ်စု (ဃ)မှအသင်းများ ချစ်ကြည်ရေးခြေစမ်းပွဲ ကိုးပွဲယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျာမနီက သုံးပွဲ၊ ဟော်လန်က သုံးပွဲ၊ ချက်က နှစ်ပွဲ၊ လတ်ဗီးယားက တစ်ပွဲဖြစ်သည်။

နာမည်ကြီးဂျာမနီအသင်းသည် ခြေစမ်းပွဲသုံးပွဲကစားရာ နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးခဲ့သည်။ အိမ်ကွင်း၌ မော်လတာကို ခုနစ်ဂိုး–ဂိုးမရှိ၊ အဝေးကွင်း၌ ဆွစ်ဇာလန်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နောက်ဆုံးခြေစမ်းပွဲတွင် အိမ်ကွင်း၌ ဟန်ဂေရီကို နှစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။ အသင်းငယ်လေး မော်လတာကို ခုနစ်ဂိုးပြတ်နိုင်သည်မှာ ပြောပလောက်စရာမရှိဘဲ အိမ်ကွင်း၌ ခြေစစ်ပွဲ မအောင်သော ဟန်ဂေရီကို နှစ်ဂိုးပြတ်ရှုံးရခြင်းမှာ ရှုံးချက်နာလှသည်။

ယူရို ၂၀၀၄ပွဲ တွင် ဂျာမနီအသင်း၏ ရေပန်းစားမှု လျော့ကျသွားပြီး မီဒီယာများက ယခု ခြေစွမ်းအရဆိုလျှင် ဂျာမနီအသင်း အောင်မြင်မှုရရန် မလွယ်ကြောင်း နည်းပြရူဒီဖောင်လာကို ဖိအား ပေးရေးသားခဲ့ကြသည်။ ဂျာမနီနည်းပြ ရူဒီဖောင်လာက ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားသည့်အသင်းများထဲတွင် ဂျာမနီမပါဝင်သော်လည်း ၎င်းအနေဖြင့် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အထိ ဂျာမနီအသင်းကို တာဝန်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဟော်လန်အသင်း

ဟော်လန်အသင်းသည် ခြေစမ်းပွဲများတွင် အိမ်ကွင်း၌ နှစ်ပွဲစလုံး ရှုံးကာ အဝေးကွင်း၌ တစ်ပွဲအနိုင်ရခဲ့သည်။ အိမ်ကွင်း၌ ဘယ်လ်ဂျီယံကို တစ်ဂိုး–ဂိုးမရှိ၊အိုင်ယာလန်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးပြီး အဝေးကွင်း၌ အသင်းငယ်လေး ဖာရိုးကျွန်းစုကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဟော်လန်အသင်း၏ ခြေစမ်းပွဲရလဒ်များ အားရစရာမရှိဘဲ ဂိုးသွင်းစွမ်းရည်လည်းကျဆင်းနေသည်။ ဇွန် ၁၆ ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်၌ ဂျာမနီအသင်းနှင့် ပွဲဦးထွက်ကစားရမည်ဖြစ်ရာ အုပ်စုတက်ရေး အခက်ကျနေသည်။

ဟော်လန်အသင်း၌ နာမည်ကျော် တိုက်စစ်မှူးများဖြစ်ကြသည့် နစ္စတယ်ရွိုင်း(မန်ယူ)၊ ရွိုင်းမက်ကေး (ဘိုင်ယန်မြူးနစ်)နှင့် ကလွိုက်ဗက်(ဘာစီလိုနာ) တို့ပါဝင်နေ၍ ပြိုင်ပွဲတွင် ခြေစွမ်းပြလာနိုင်မည်ဟု မျှော်လင့်ရသည်။ ဂျာမနီနှင့်ပွဲတွင် ဟော်လန်အလယ်တန်းလူ ဆီးဒေါ့ဖ်ပါဝင်နိုင်မည်မဟုတ်ကြောင်း နည်းပြ အက်ဒ်ဗိုကတ်က ထုတ်ဖော် ပြောကြားသည်။ ဆီးဒေါ့ဖ်နေရာတွင် ရာဖေးလ်ဗန်ဒါဗတ်နှင့် အစားထိုးဖွယ် ရှိသည်။

ချက်အသင်း

ချက်အသင်းသည် အိမ်ကွင်း၌ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ ဘူဂေးရီးယားကို သုံးဂိုး–တစ်ဂိုး၊ အက်စတိုးနီးယားကို နှစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ချက်အသင်း တိုက်စစ်မှူး မီလန်ဘားရို့စ်သည် ခြေစမ်းပွဲများ၌ ခြေစွမ်းပြကစားပြီး ဂိုးများသွင်းယူပေးခဲ့သည်။ ဇွန် ၁၅ ရက် မြန်မာစံတော်ချိန် ည ၁၀နာရီခွဲ၌ လတ်ဗီးယားအသင်းနှင့် ပွဲဦးထွက်ကစားရမည်ဖြစ်ရာ ရှေ့တန်း၌ ဂျန်ခိုလာ (ဒေါ့စ်မွန်)နှင့် မီလန်ဘားရို့စ် (လီဗာပူး) တို့ကို တွဲ၍ပွဲထုတ်လာဖွယ်ရှိပေသည်။ ။

(မြန်မာ့အလင်း)

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယား

အုပ်စု(က)

အိမ်ရှင်ပေါ်တူဂီ၊ ဂရိ၊ စပိန်၊ ရုရှား

ဇွန် ၁၂ ရက်	ည ၁၀း၃၀ နာရီ	ပေါ်တူဂီ	– ဂရိ
ဇွန် ၁၃ ရက်	နံနက် ၁း၁၅ နာရီ	စပိန်	– ရုရှား
ဇွန် ၁၆ ရက်	ည ၁၀း၃၀ နာရီ	ဂရိ	– စပိန်
ဇွန် ၁၇ ရက်	နံနက် ၁း၁၅ နာရီ	ရုရှား	– ပေါ်တူဂီ
ဇွန် ၂၀ ရက်	နံနက် ၁း၁၅ နာရီ	စပိန်	– ပေါ်တူဂီ
ဇွန် ၂၀ ရက်	နံနက် ၁း၁၅ နာရီ	ရုရှား	– ဂရိ

အုပ်စု(ခ)

လက်ရှိချန်ပီယံပြင်သစ်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ ခရိုအေးရှား

ဇွန် ၁၃ ရက်	ည ၁၀း၃၀ နာရီ	ဆွစ်ဇာလန်	– ခရိုအေးရှား
ဇွန် ၁၄ ရက်	နံနက် ၁း၁၅ နာရီ	ပြင်သစ်	– အင်္ဂလန်
ဇွန် ၁၇ ရက်	ည ၁၀း၃၀ နာရီ	အင်္ဂလန်	– ဆွစ်ဇာလန်
ဇွန် ၁၈ ရက်	နံနက် ၁း၁၅ နာရီ	ခရိုအေးရှား	– ပြင်သစ်
ဇွန် ၂၂ ရက်	နံနက် ၁း၁၅ နာရီ	ခရိုအေးရှား	– အင်္ဂလန်
ဇွန် ၂၂ ရက်	နံနက် ၁း၁၅ နာရီ	ဆွစ်ဇာလန်	– ပြင်သစ်

အုပ်စု(ဂ)

ဆွီဒင်၊ ဘူလ်ဂေးရီးယား၊ ဒိန်းမတ်၊ အီတလီ

ဇွန် ၁၄ ရက်	ည ၁၀း၃၀ နာရီ	ဒိန်းမတ်	– အီတလီ
ဇွန် ၁၅ ရက်	နံနက် ၁း၁၅ နာရီ	ဆွီဒင်	– ဘူလ်ဂေးရီးယား
ဇွန် ၁၈ ရက်	ည ၁၀း၃၀ နာရီ	ဘူလ်ဂေးရီးယား	– ဒိန်းမတ်
ဇွန် ၁၉ ရက်	နံနက် ၁း၁၅ နာရီ	အီတလီ	– ဆွီဒင်
ဇွန် ၂၃ ရက်	နံနက် ၁း၁၅ နာရီ	အီတလီ	– ဘူလ်ဂေးရီးယား
ဇွန် ၂၃ ရက်	နံနက် ၁း၁၅ နာရီ	ဒိန်းမတ်	– ဆွီဒင်

အုပ်စု(ဃ)

ချက်၊ လတ်ဗီးယား၊ ဂျာမနီ၊ ဟော်လန်

ဇွန် ၁၅ ရက်	ည ၁၀း၃၀ နာရီ	ချက်	– လတ်ဗီးယား
ဇွန် ၁၆ ရက်	နံနက် ၁း၁၅ နာရီ	ဂျာမနီ	– ဟော်လန်
ဇွန် ၁၉ ရက်	ည ၁၀း၃၀ နာရီ	လတ်ဗီးယား	– ဂျာမနီ
ဇွန် ၂၀ ရက်	နံနက် ၁း၁၅ နာရီ	ဟော်လန်	– ချက်
ဇွန် ၂၄ ရက်	နံနက် ၁း၁၅ နာရီ	ဟော်လန်	– လတ်ဗီးယား
ဇွန် ၂၄ ရက်	နံနက် ၁း၁၅ နာရီ	ဂျာမနီ	– ချက်

ကွာတားဖိုင်နယ်

■ **ပွဲစဉ်(၁)**
ဇွန် ၂၅ ရက် နံနက် ၁း၁၅ နာရီ အုပ်စု (က)ပထမ–အုပ်စု(ခ)ဒုတိယ

■ **ပွဲစဉ်(၂)**
ဇွန် ၂၆ ရက် နံနက် ၁း၁၅ နာရီ အုပ်စု(ခ)ပထမ–အုပ်စု(က)ဒုတိယ

■ **ပွဲစဉ်(၃)**
ဇွန် ၂၇ ရက် နံနက် ၁း၁၅ နာရီ အုပ်စု(ဂ)ပထမ–အုပ်စု(ဃ)ဒုတိယ

■ **ပွဲစဉ်(၄)**
ဇွန် ၂၈ ရက် နံနက် ၁း၁၅ နာရီ အုပ်စု(ဃ)ပထမ–အုပ်စု(ဂ)ဒုတိယ

■ **အကြိုဗိုလ်လုပွဲ**
ဇူလိုင် ၁ ရက် နံနက် ၁း၁၅ နာရီ ပွဲစဉ်(၁)အနိုင်ရသူ–ပွဲစဉ်(၃)အနိုင်ရသူ
ဇူလိုင် ၂ ရက် နံနက် ၁း၁၅ နာရီ ပွဲစဉ်(၂)အနိုင်ရသူ–ပွဲစဉ်(၄)အနိုင်ရသူ

■ **ဗိုလ်လုပွဲ**
ဇူလိုင် ၅ ရက် နံနက် ၁း၁၅ နာရီ
ပထမအကြိုဗိုလ်လုပွဲ အနိုင်ရသူနှင့် ဒုတိယအကြိုဗိုလ်လုပွဲအနိုင်ရသူ။

(မြန်မာ့အလင်း)

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇွန် ၁၀

ပေါ်တူဂီနိုင်ငံ၌ ဇွန် ၁၂ ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပမည့် ၂၀၀၄ ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များမှ နောက်ဆုံး ဗိုလ်လုပွဲစဉ်အထိ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်များအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်များအစည်းအဝေးကို ယနေ့ နံနက်၁၁နာရီခွဲက ဘုရင့်နောင်လမ်းမကြီးရှိ အမှတ်(၁၉) ရွှေပုန်းညက်ရိပ်မွန်ရှိ ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက် ရုံးချုပ်အစည်းအဝေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမှုဆောင်များတက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ဘဏ္ဍာရေးဆပ်ကော်မတီ၊ နည်းစနစ်ပိုင်းဆိုင်ရာ ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီစသည့် ဆပ်ကော်မတီများ၏ တင်ပြချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ဥက္ကဋ္ဌဦးချစ်ခိုင်က မြန်မာပိုက်ကျော်ခြင်းအဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ပြီး ဆပ်ကော်မတီအသီးသီးမှ ဝိုင်းဝန်းပံ့ပိုးပေးရန်၊ မျိုးဆက်သစ်လူငယ်များပေါ်ထွက်လာရေးအတွက် ဆောင်ရွက်ရန်နှင့် ကျင်းပသည့်ပြိုင်ပွဲများ၌ ဆုကြေးထိုက်ထိုက်တန်တန်တိုးမြှင့်ပေးရန်၊ အရည်အချင်းရှိ အဆင့်အတန်းမြင့်သည့် ပိုက်ကျော်ခြင်းအားကစားမောင်မယ်များ ပေါ်ထွန်းလာရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် စသည်ဖြင့် ပြောကြားပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇွန်၂၇ရက်တွင် ကျင်းပမည့် ILBCဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမတန်းနှင့်ဒုတိယတန်းဟူ၍ ပြိုင်ပွဲနှစ်မျိုးခွဲခြားသတ်မှတ်ကာ ကျင်းပမည်ဖြစ်ပြီး ဆုကြေးများကိုလည်း ယခင်သတ်မှတ်ထားသည့် ဆုကြေးထက် ပိုမိုချီးမြှင့်ဖြစ်သည်။

ပထမတန်း ပထမဆုငွေသား ကျပ်နှစ်သိန်းခွဲ၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းငါးသောင်းသတ်မှတ်ပြီး ဒုတိယတန်း ပထမဆုကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုကျပ်တစ်သိန်းနှင့်တတိယဆုကျပ်ငါးသောင်းပေးအပ်ချီးမြှင့်မည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

ယူရို ၂၀၀၄ နည်းဗျူဟာအစွမ်းပြပွဲ စာစောင်ထုတ်ဝေ

ရန်ကုန် ဇွန် ၁၀

၂၀၀၄ခုနှစ် ဇွန်၁၂ရက်မှ ဇူလိုင်၄ရက်အထိ ပေါ်တူဂီနိုင်ငံတွင်ကျင်းပမည့် Euro 2004 ဘောလုံးပြိုင်ပွဲအတွက် Professionalဂျာနယ်တိုက်၏အထူးအစီအစဉ်အဖြစ် 'ယူရို ၂၀၀၄ နည်းဗျူဟာအစွမ်းပြပွဲ' စာစောင်ကို စီစဉ်သူခင်မောင်နိုင်နှင့်တွဲဖက်စီစဉ်သူကျော်ဇင်ထွဋ်တို့က ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါ ယူရို ၂၀၀၄ နည်းဗျူဟာအစွမ်းပြပွဲ စာစောင်တွင် Euro 2004ဘောလုံးပြိုင်ပွဲဝင်အသင်း ၁၆ သင်း၏ တစ်သင်းချင်းစီ၏ အခြေအနေ၊ ကစားကွက်၊ အားသာချက်၊ အားနည်းချက်၊ အလားအလာ၊ တိုက်စစ်လမ်းကြောင်းနှင့် ခံစစ်ဗဟို၊ အုပ်စုအဆင့်ပွဲများသုံးသပ်ချက်၊ ရှုံးထွက်လမ်းကြောင်း၊ ပြောင်းလဲလာမည့် နည်းဗျူဟာ၊ ချန်ပီယံဖြစ်ဖို့ မေးကြည့်ခြင်းစသည့် သုံးသပ် ဆင်ခြင်ဖွယ်ဘောလုံးသတင်းအစုံနှင့် Euro 2004 ဘောလုံးပွဲ ပွဲစဉ်ဇယားနှင့်မှတ်တမ်းများကို အုပ်စုအလိုက် အဆင့်သင့်မှတ်တမ်းတင်နိုင်ရန် ဖော်ပြထားသည်။ ယင်းယူရို ၂၀၀၄ နည်းဗျူဟာအစွမ်းပြပွဲစာစောင်ကို Professional ဂျာနယ်တိုက်က ဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

မိုးထစ်ချုန်း

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ကျွန်တော် မောင်ဖြိုးမင်းလွင်ဦးနှင့် ကျွန်မ မသီတာဝင်းကြည်တို့၏ ၅-၆-၂၀၀၄ရက်တွင် Sedona Hotel၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲသို့မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ဇနီး ဒေါ်စန်းစန်းရီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော မှခင်းတပ်ဖွဲ့မှ ရဲမှူးကြီးထွန်းမြင့်နှင့် ဇနီးဒေါ်ခင်ဆွေဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဦးမြင့်ဦး(ညွှန်ကြားရေးမှူး၊မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)နှင့်ဇနီးဒေါ်သစ်သစ်ဦး တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုး မိတ်သင်္ဂဟ များအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော သူငယ်ချင်းမိတ်ဆွေအပေါင်းတို့အားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးမင်းလွင်ဦး-မသီတာဝင်းကြည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ရဲထွဋ်ဦးသည်မိဘနှစ်ပါး၏ ဆိုဆုံးမစကားကို မနာယူဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်လာပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားမိဘနှစ်ပါးမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)
ဦးကြည်ထွန်း-ဒေါ်ခင်စန်း
(ခ)ဒေါ်ခင်စန်းယု။

ဦးအောင်မိုး(N/OKA-၀၂၉၈၄၅)နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ် ၃၇၂ခေတ္တနေထိုင်သူ ဒေါ်နိုဗယ်စိုး ၁၂/သဃက(နိုင်)၁၄၁၁၃၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါ သည်။

၁။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၂၂၈၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေပေါ်ရှိအမှတ် ၂၂၈၊ ပဒေသရာဇာလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော တစ်ထပ်တိုက် တစ်လုံးနှင့် တပ်ဆင်ထားသော စီဒီအမ်အေတယ်လီဖုန်း အမှတ် ၇၂၅၀၉၆ တစ်လုံးနှင့်

၂။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၉၈၇၊ ဧရိယာ ၀ဒသမ၀၅၅ဧကအကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အမှတ် ၉၈၇၊ စွယ်တော်လမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော တစ်ထပ်လုံးချင်းအိမ်တစ်လုံး တို့မှာ ဦးအောင်မိုးနှင့် ဒေါ်နိုဗယ်စိုးတို့ နှစ်ဦးအတူပိုင်ဆိုင်သော ပစ္စည်းများ ဖြစ်ပါသည်။ ဒေါ်နိုဗယ်စိုး၏ စာဖြင့်အတိအလင်း သဘောတူညီချက်မပါရှိဘဲ မည်သည့်နည်းနှင့်မျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခွင့် မရှိပါကြောင်းနှင့် ထိုသို့လွှဲပြောင်းပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း ကြိုတင်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသောင်းညွန့်(ဆင်ဖြူကျွန်း)
B.Sc, R.°L, DBL, DML, MPA(Thesis)
တရားရုံးချုပ်ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ
Thaung Nyunt & Associates(Law firm)Bldg-603/A.4Fl,
Pyay Road, Kamayut Tsp, Yangon.
Tel; 95-1-728393, 701439
E-mail; tnalaw@myanmar.com.mm

ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန် လိုအပ်သောပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်-

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(၁)	Radio Studio Digitalization	(1) Lot
(၂)	1.KW TV TX	(1) Set

(ခ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
e-Government ထူထောင်ရန်လိုအပ်သော Computerစက်ပစ္စည်းများ

(1)	Web Authorring & Publishing PC c/w Software	(2.) Nos
(2)	A_4 Scanner	(1) No
(3)	A_4 Laser Printer	(1) No
(4)	Networking Equipment. (Network Switch, Work Cable, Connectors & Accessories)	(1) No
(5)	Un-Interruptible Power Supply(2 KVA)	(2) Nos
(6)	Virus Protection Software	(1) No

(ဂ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁)	ကြွေစက္ကူ(အပါး)		၅ တန်
(၂)	ကြွေစက္ကူ(အထူ)		၅ တန်
(၃)	ကရွမ်းကုတ်ကတ်		၅ တန်
(၄)	Agfa Film(22"x 32")	(အနည်းဆုံး)	၂၀ ထုပ်
(၅)	Rubber Blanket		၁၀၀ ချပ်
(၆)	Damping Roller Hose		၆၀ လိပ်
(၇)	Riso Master Roll		၁၀၀ လိပ်
(၈)	Riso Ink		၁၀၀ ခု
(၉)	Stitching Wire		၂၀၀၀ ကွိုင်
(၁၀)	Binding Cloth		၁၀၀၀ မီတာ

(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(1)	Fixer(Ortho Film)	၈၀ ထုပ်
(2)	Fixer(Agfa Film)	၉၀ ဘူး
(3)	Agfa Developer	၃၀ ပုလင်း
(4)	Roll Film	၂၂၅၀ လိပ်
(5)	Toner 1215	160 Boxes
(6)	Gum Arabic	1000 Kgs
(7)	Cello Tape(Red)	1000 Rolls
(8)	Cello Tape(White)	1500 Rolls
(9)	Copier Toner(7118)	80 Boxes
(10)	Rubber Blanket T-Bar	128 Shts
(11)	Rubber Blanket (Roll)	1040 Inches
(12)	Gestetner Ink Tube	440 Nos

၂။ တင်ဒါပေးသွင်းမှုကို ၁၈-၆-၂၀၀၄ ရက် ၁၆း၃၀ နာရီတွင် ပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ။
ပြန်ကြားရေးဝန်ကြီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစီအစဉ်ဖြင့် နယ်စပ်ဒေသများတွင် တပ်ဆင်အသုံးပြုရန်အတွက် လိုအပ်သော ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသများတွင် တပ်ဆင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) 10 W TV TRAMSMITTER COMPRISING
(ခ) 50 W TV TRAMSMITTER COMPRISING
(ဂ) 100 W TV TRAMSMITTER COMPRISING
(ဃ) 10 W TV TRAMSMITTER WITHOUT TOWER

၂။ တင်ဒါပေးသွင်းမှုကို ၁၄-၆-၂၀၀၄ ရက်မှ ၂၅-၆-၂၀၀၄ ရက် ညနေ ၄း၃၀နာရီအတွင်း ပေးသွင်းရန်နှင့် တင်ဒါပုံစံနှင့် လိုအပ်သောအချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်များဝယ်ယူရေးကော်မတီ
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်
စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးများရုံး၊
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၀၈၉၈။



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ပညာရေးထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၇ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ရုံးရှိ မင်္ဂလာဈေးဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ စိန္တာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောသလ္လထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေအမှူးပြုသော ဒည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူကလေးများအတွက် ပညာရေးထောက်ပံ့ငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ပညာရေးထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (ရန်ကုန်တိုင်း)

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ပညာရေးထောက်ပံ့ငွေများအပြင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျောင်းသား ၁၀၀ နှင့်အထက်ရှိသည့် ကျောင်းပေါင်း ၈၅ ကျောင်းသို့ အလှူငွေကျပ်တစ်သိန်းစီ၊ ကျောင်းသား ၅၀ မှ ၁၀၀ အတွင်းရှိ ကျောင်းပေါင်း ၄၀သို့ အလှူငွေကျပ် ငါးသောင်းစီ၊ ကျောင်းသား ၅၀ နှင့် အောက်ရှိကျောင်းပေါင်း ၃၄ ကျောင်းသို့ အလှူငွေကျပ် သုံးသောင်းစီ စုစုပေါင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၅၉ ကျောင်းအတွက် စုစုပေါင်းလှူဒါန်းငွေကျပ် ၁၁၅၂၀၀၀၀ ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနက ငွေကျပ် ၅၁၃၇၂၀ တန်ဖိုးရှိ မူလတန်းကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ လွယ်အိတ်နှင့် ကျောင်းဝတ်စုံများကိုလည်းကောင်း တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ (ရန်ကုန်တိုင်း) ဥက္ကဋ္ဌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တောတိုက် ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရထံမှ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေအမှူးပြုသော ဒည့်ပရိသတ်များက ဩဝါဒကထာများ နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

ဇွန်၂ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ ဒဂုံပရိယတ္တိ စာသင်တိုက် မဟာအတုလ ကာရီ သုံးထပ် သိမ်တော်ကြီး သိမ်သမုတ်ပွဲ၊ ပန္နက်တင် မင်္ဂလာ အခမ်းအနားနှင့်အလှူငွေပေးအပ်ပွဲတွင်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသနှင့် သံဃာတော်များက တရားတော်များချီးမြှင့်တော်မူပြီး အလှူရှင်များက အလှူငွေများပေးအပ်စဉ်။

(က–ပ)

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇွန် ၁၀

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် ပဲခူးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဩဂုတ် ၃ ရက်တွင် သတင်းအရ ပဲခူးမြို့ ရုံးကြီးရပ်ကွက် (၂၈)လမ်းရှိဝင်းမင်း၏ ထင်လင်းအောင်ဆေးဆိုင်ကို စစ်ဆေးရှာဖွေရာ၁၀၀ မီလီလစ်တာဝင် ကွန်မစ်သာဇင် ရှစ်ပုလင်းနှင့် ဒိုင်ယာဇီပင် ၅၈၂ပြားဖမ်းဆီးရမိခဲ့သည်။ ကွင်းဆက်အရပဲခူးမြို့ ရုံးကြီးရပ်ကွက် ပြည်တော်အေး(၃) လမ်းရှိ ဝင်းမင်း၏နေအိမ်ကို ထပ်မံ ရှာဖွေရာ ၁၀၀ မီလီလစ်တာဝင် ကွန်မစ်သာဇင် ပုလင်း ၅၀ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ပဲခူးမြို့ ရုံးကြီးရပ်ကွက်နေဦးဘခင်၏သား ဝင်းမင်းအား ပဲခူးအမှတ် (၁) ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၃/၂၀၀၃ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကိုပဲခူးခရိုင်တရားရုံးသို့တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် တရားခံဝင်းမင်းအား မူးယစ်ဆေးဝါးသုံးစွဲမှုပုဒ်မ ၁၅အရ ထောင်ဒဏ်သုံးနှစ်၊ မူးယစ်ဆေးဝါး ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ပြစ်ဒဏ်များကို သီးခြားကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူ နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့်တာချီလိတ်မူးယစ်အထူးအဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ၃၁ရက်တွင် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ပိတောက်လမ်းမပေါ်၌ လမ်းလျှောက်လာသူ စိုးဝင်းအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ ၎င်း၏ အိတ်အတွင်းမှ ဒဗလျူဝိုင်စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ယာမြေကုန်းနေ ဦးအုန်း၏သား စိုးဝင်းအား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၉၁/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် မတ် ၁၇ရက်တွင် တရားရုံးက တရားခံစိုးဝင်းအား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ၂၈ရက်ကမင်းဘူးမြို့စိမ်းလန်းစိုပြည်ရေးအတွက် ခရိုင်အဆင့်မီပျိုးဥယျာဉ်တည်ဆောက်ရေး အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့်ဝန်ထမ်းများစုပေါင်း၍ပန်းအလှပင်ပျိုးထုပ်များ မြေဆွေးထည့်၍ ပျိုးပင်ပျိုးခြင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မိခင်များနေ့ဈေးရောင်းရအမြတ်ငွေများ ဆေးရုံနှင့်လူမှုရေးအသင်းအဖွဲ့များသို့လှူဒါန်း

ရန်ကုန် ဇွန် ၁၀

City Mart Supermarket သည် ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဧပြီ ၂၉ ရက်မှ မေ ၁၂ ရက်အတွင်း ပြုလုပ်ခဲ့သော မိခင်များနေ့အထူးဈေးရောင်းပွဲမှ ရရှိသော အမြတ်ငွေများအား ဆေးရုံများနှင့်လူမှုရေးအသင်းအဖွဲ့များသို့ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၈ရက်က IBC အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လှူဒါန်းမှုအစီအစဉ်အရ အမြတ်ငွေကျပ် ၃၂၀၀၀၀၀ကျော်ကို ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံ၊ ကမ္ဘာအေးလူငယ်သင်တန်းကျောင်း၊ ရန်ကုန်အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ မကွေးမြို့ ဘိုးဘွားရိပ်သာ(ဖန်ခါးမြေ)၊ သမိဒ္ဓေါဒယ သုခိတာရာမဒေါ်ဥဏ်စာရီ မြန်အောင်သီလရှင် စာသင်တိုက်၊ မြသိင်္ဂီအမှတ်(၁)သီလရှင်သင်ပညာရေးကျောင်း၊ ရတနာပုံရိပ်ငြိမ် အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မဟာသိပ္ပံအမှတ်(၄)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် မင်္ဂလာဗျူဟာပရဟိတအဖွဲ့တို့အတွက် ခွဲဝေလှူဒါန်းခဲ့ကြောင်းသိရသည်။**(အပေါ်ပုံ)**

(က–ပ)

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာ စရိယ ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ B.A)သည် မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ်ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၁၂၉)တွင် ဇွန် ၂၉ရက်မှ ဇူလိုင် ၈ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြို့နယ်စာပေနှင့်စာနယ်ဇင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၁၀

ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၉ရက်က မြို့နယ်အစည်းအဝေး ခန်းမဆောင်တွင် ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကျေးလက် ဒေသစာပေအဆင့်မြင့်မားရေး၊ ပြည်သူ့အကျိုးပြုစာပေထွန်းကားရေး၊ ကျေးလက် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရေးနှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။ **(ဝ၂၆)**

တောင်တွင်းကြီး တိလောကမှန်ကူ သယမ္ဘူ ရာပြည့်စေတီတော်ရွှေထီးတော်တင်လှူ

တောင်တွင်းကြီး ဇွန် ၅

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် သဲဖြူမဟာအောင်မြေတွင် မြန်မာနိုင်ငံ တောင်တန်းဒေသဗုဒ္ဓဘာသာသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ အဗ္ဘုဝါ ဦးသန်းအောင်ပဓာန ဒါယကာခံယူ၍ အသစ်ပြန်လည်တည်ထားသော တိလောကမှန်ကူ သယမ္ဘူရာပြည့်စေတီတော်၏ ရွှေထီးတော်တင်အခမ်းအနားကို အဆိုပါစေတီကုန်း၌ ဇွန်၂ရက် နံနက်ဇနာရီကကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မြသိန်းတန်ဆရာတော် ဘဒ္ဒန္တ သောဘန၊ ရန်ကုန်မြို့ ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ကောဝိဒ၊ ဗုဒ္ဓတက္ကသိုလ်မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ၊ တောင်တွင်းကြီးမြို့နယ် သံဃနာယကအဖွဲ့ဆရာတော်နှင့်တကွ ဂေါစရဂါမ်အရှိချင်း၁၁ရွာမှ ဆရာတော်များ၊ ဒေသခံသာသနာရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပရိတ်တရားတော်

အခမ်းအနားတွင် ရန်ကုန်မြို့ ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒထံမှ ကိုးပါးသီးလခံယူ ဆောက်တည်ကြပြီး ပင့်သံဃာတော်အပါး၄၀တို့က ပရိတ်တရားတော်များ ချီးမြှင့်သည်။

ဆက်ကပ်တင်လှူ

ထို့နောက် စစ်ကိုင်းတောင်ရိုး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဒေါက်တာ ဉာဏိဿရ(ဒီလစ်) လှူဒါန်းသော စိန်ဖူးတော်ကို စစ်ကိုင်းတောင်ရိုး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အုပ်ချုပ်ရေးမှူးဆရာတော် ဘဒ္ဒန္တ မဟောသဓပဏ္ဍိတက မင်္ဂလာအချိန်အခါတော် နံနက် ၁၀ နာရီ ၄၄ မိနစ်တွင် တင်လှူပြီး မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သန်း–ဒေါ်သီဂီနွယ်မိသားစု လှူဒါန်းသော ရွှေထီးတော် ဘုံအဆင့်ဆင့်ကို အဗ္ဘုဝါ နတ်ပန်း ယာဉ်ပျံဖြင့် ဆက်ကပ်တင်လှူကြောင်းသိရသည်။ **(က–ပ)**

ပုဂံညောင်ဦးမြို့တွင်အမှိုက်ကင်းမဲ့ဇုန်သတ်မှတ်ထားသည်နှင့်အညီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း ဦးဆောင်၍ ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးကျော်စိုး ကြီးကြပ်၍ မြို့တွင်းလမ်းပေါ်၊ လမ်းဘေးဝဲယာ အမှိုက်သရိုက် ကင်းရှင်းရေး လမ်းလယ်ကျွန်းများတွင် ပေါင်းသင်စိုက်ပျိုးထားသော ပန်းအလှပင်အရိပ်ရပင်များ ပြုပြင်ဆောင်ရွက်ကြစဉ်။ (၃၀၀)

တိုင်းအမျိုးသမီးရေးရာ ယဉ်ကျေးမှုအဖွဲ့ မကွေးပညာရေးကောလိပ်တွင်ဟောပြောပွဲကျင်းပ

မကွေး ဇွန် ၆

မကွေးတိုင်းအမျိုးသမီးရေးရာ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၏ ဟောပြောပွဲကို ဇွန် ၄ရက် နံနက်၁၀နာရီက မကွေးပညာရေးကောလိပ် အားကစားခန်းမ၌ ကျင်းပသည်။ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ခင်မိမိနှင့် အဖွဲ့ဝင်များ၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးတင်ဆန်း၊ စီမံဌာနမှူး ဒေါ်သန်းသန်းမြင့်၊ လေ့ကျင့်ရေးဌာနမှူး ဒေါ်မြင့်မြင့်သန်း၊ လက်ထောက်ကထိကများ၊ နည်းပြဆရာ ဆရာမများ၊ လုပ်ငန်းခွင် အကြိုဆရာအတတ်သင်၊ သင်တန်း အမှတ်စဉ်(၈)မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲတွင် ကွန်ပျူတာကောလိပ်မှ နည်းပြဦးဇော်ဝင်းမြင့်က IT° Development အကြောင်း **(အပေါ်ပုံ)** မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်ညွန့်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းနှင့် အမျိုးသမီးရေးရာ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့မှ ဒေါ်မြင့်မြင့်ကိုက လုပတဲ့ဝလုံးကလေးများခေါင်းစဉ်ဖြင့် အသီးသီးဟောပြောကြကြောင်း သိရသည်။ **(၃၈၃)**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမြတ်စိုးနှင့် ဒုတိယဦးစီးမှူး(ဈေး)တို့ ဇွန်၄ရက်က ဖျာပုံမြို့မြောက်ပိုင်း ဈေးရှေ့ရေမြောင်းအတွင်းရှိ အမှိုက်သရိုက်များ၊ ရေဆိုးများ၊ ရွှံ့နွံများကို ရေစီးရေလာကောင်းမွန်ရေးအတွက် ရှင်းလင်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (၁၅၈)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃–၂၀၀၄ ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသွားသော လွယ်အံ့ရွာနှင့်မိုင်းကင်းရွာ ဆက်သွယ်ရန် ဆောက်လုပ်ထားသည့် လွယ်အံ့(တင်း)ကျောက်ရိုးစီ သစ်ခင်းတံတားချဉ်းကပ်လမ်း ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြီးမြင့်နှင့်အဖွဲ့ မေ၂၅ ရက်က ကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်းပေးစဉ်။ (မြို့နယ်စည်ပင်)

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ပင်လုံတွင်ဖွံ့ဖြိုးရေးသင်တန်းကျောင်းသစ်ဖွင့်

လွိုင်လင် ဇွန် ၅

လွိုင်လင်ခရိုင် ပင်လုံတွင်နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)ကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဝင်းတင့်က အမှာစကားပြောကြားပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်က သင်းတန်းကျောင်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍အထိမ်းအမှတ် အလံများပေးအပ်ပြီး သင်တန်းကျောင်းတွင် ပညာသင်ကြားမည့် တိုင်းရင်းသား၆၅ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

(နယ်စပ်/စည်ပင်)

ပန်းကုန်းကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ သားဖွားခန်းဆောက်လုပ်ရန် အလှူငွေပေးအပ်

ပေါင် မေ ၂၂

မော်လမြိုင်မြို့နေအလှူရှင် ဦးနေဝင်း၏ဇနီး ဒေါ်အေးအေးမွန် (၃၈)နှစ်မြောက်မွေးနေ့ မင်္ဂလာအထိမ်းအမှတ်အဖြစ် ပေါင်မြို့နယ် ပန်းကုန်းကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ သားဖွားခန်းဆောက်လုပ်ရန် အလှူငွေကျပ် ၃၈သိန်းပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၁၅ ရက်က အဆိုပါကျေးရွာ သင်ပေါင်းချောင်း ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပန်းကုန်းကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲသားဖွားခန်းဆောက်လုပ်ရန် အလှူရှင် ဦးနေဝင်းနှင့် ဒေါ်အေးအေးမွန်တို့ ပေးအပ်လှူဒါန်းသော ကျပ် ၃၈ သိန်းကို မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီဝင်များမှ လက်ခံရယူသည်။ ဆက်လက်၍ အလှူရှင်များက ပန်းကုန်းကျေးရွာအတွင်းရှိ ချို့တဲ့သော ကျောင်းသားကျောင်းသူများအတွက် ကျပ် ၁၀ သိန်းကျော် တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **(၂၆၀)**



ကျေးလက်ကျောက်ချောလမ်းခင်းခြင်း မြို့နယ်များသို့ လက်တွေ့ပြသ

မြစ်ကြီးနား ဇွန် ၁

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးကို ရည်မှန်းချက်ထား၍ လက်အောက်ခံမြို့နယ်များမှ စံချိန် စံညွှန်းပြည့်မီသောလမ်းများ ဖောက်လုပ်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မေ၁၈ရက်က ပြည်နယ်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေက မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင် အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ စုစုပေါင်း ၂၈ဦးတို့ကို ပြည်နယ်ရုံးအတွင်း စမ်းသပ်ဖောက်လုပ်ထားသည့် ကျောက်ချောလမ်း လက်တွေ့ရှင်းလင်း ပြသခဲ့သည့် လမ်းအတိုင်း စနစ်တကျ စံချိန်စံညွှန်းမီဆောင်ရွက်သွားနိုင်ရေး မှာကြားပြီး **(အပေါ်ပုံ)** လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အသံ

၁၂–၆–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ အာဠာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၀ ခေတ်ပေါ်တေး
၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့်သာစု ဆွေးနွေးခန်း
၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ခေတ်မီပုံနှိပ်စက်များဖြင့် အဆင့်မီ ကျောင်းသုံး၊ ရုံးသုံး စာအုပ်များထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ မေတို့ရေးရာသိမှတ်စရာ (သုခ ဒုက္ခအိမ်ထောင်မှုဘဝ– ဒေါက်တာအောင်မင်းဇော်)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇း၀၀ ခေတ်ဟောင်းတေး
၁၇း၁၅ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မသဲမြတ်စိုးနှင့် မထက်ထက်အောင်တို့ရဲ့ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဒိုင်လူကြီးများအကြောင်း– ဦးဉာဏ်ထွန်း–ညွှန်မှူး–အား/ကာ)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေးသံသွင်းမှပေးပို့သော ဖိုးချိုအမှတ်တရတေးစီးရီး)
၂၀း၃၀ English Lesson Working Knowledge
၂၀း၄၅ တေးသံစုံ(မြန်မာ့အသံအဖွဲ့)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှမြို့ရှောင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် အပင်ပေါင်း၁၄၀၀ကျော်ကို အဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေတို့ ကွင်းဆင်းစစ်ဆေးပြီး အမှုဆောင်အရာရှိဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်ဖြူတို့က စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကိုများ ရှင်းလင်း တင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဇွန် ၂ ရက်က လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများစုပေါင်း၍ မြို့မဈေးကြီး ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဈေးရေမြောင်းများ ဆယ်ယူခြင်း၊ ဈေးအတွင်း အမှိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

Grand Opening

YUZANA Centre

12th June 2004

A New Lifestyle & Shopping Paradise

Specially for you

No.130,Shwe Gon Taing,Bahan Township,Yangon,Myanmar.
Tel:540748 . Fax:540749 . Email : yzn@yuzanagroup.com.mm



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့ ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
၂၀၀၄ ခုနှစ် မေလ ၁၅ ရက်

၁။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၄ခုနှစ်၊ ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၃ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဖိတ်ကြားလျက်ရှိပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုပါမည်။

(က) နိုင်ငံခြားမှရတနာကုန်သည်များနှင့် တွေ့ဆုံပြီး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းနိုင်ရန်။

(ခ) နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာဈေးကွက် အခြေအနေများ လေ့လာနိုင်ရန်။

(ဂ) ပြည်ပမှ ရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာ ရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်။

(ဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့်ရောင်းချရန် လိုင်စင်ရယူထားသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်နှင့်လက်ဝတ်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ခုနှစ် မေလ ၂၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက် ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

အမြန်ရောင်းမည်

အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း (တနင်္သာရီ) လီမိတက် ပိုင်ဆိုင်သော အောက်ဖော်ပြပါ စက်ရုံနှင့် အအေးခန်းရေယာဉ်တို့ကို ရောင်းချမည်ဖြစ်ပါသည်။

၁။ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ကျောက်နီမော်ကျေးရွာရှိ ကျောက်နီမော် အအေးခန်းနှင့် ရေခဲစက်ရုံ

(၁) 100 Tons Cold Storage
(၂) Contact Freezer (1 Ton/ Batch/ 4 hrs)
(၃) Flake Ice Plant (10 Ton/ day)
(၄) Block Ice Plant (20 Tons/ day)
(၅) Air Blast Freezer (2 Tons/ batch/ 6 hrs)
(၆) Quality Control Lab: equipment
(၇) Guest House, Office, Residential quarters,
(၈) Jetty
(၉) 360 KVA,x 2 Nos. CATERPILLAR GEN: SET

၂။ ကျောက်နီမော်ကျေးရွာ ကသဲမကျွန်းရှိ ငါးမုန့် (Fish Meal)စက်ရုံ

(1) 8 Tons Per day fish Meal Plant
(၂) 4000Kg/ hr steam Boiler
(၃) 200 KVACATERPILLAR GEN: SET
(၄) Office, Residential Quarters
(၅) Jetty

၃။ ငွေပုလဲ (Reefer Carrier) ရေယာဉ်

(၁) Class+ 100A1+LMC+ LIoyd's RMC
(၂) GT/GRT 547
(၃) MAIN ENGINE-825 BHP
(၄) Cold Storage Capacity- 200Tons (Frozen Shrimp)

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၂၂၈၃၄၂၊ ၂၂၉၅၁၆ (၈၁)၊ ၄ဝါလမ်း၊ အလုံ၊ ရန်ကုန်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးဇော်ဝင်းနှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၁၂၆၈၊ မြေညီထပ်နေ ဒေါ်သီတာကြီး ၁၁/ရဗန(နိုင်)၀၂၂၈၃၈ သည် ကျွန်ုပ်အမှုသည်ဖြစ်ပြီး ၎င်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇော်ဝင်း ၁၁/ရဗန(နိုင်) ၀၆၆၇၄၃ (ဘ)ဦးမောင်ခင်ကြည် အောင်လှပြင်ရွာ၊ ရမ်းဗြဲမြို့နယ်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်သည် ၎င်းနေထိုင်ရာ နေအိမ်၌ပင် 'ရွှေလမင်းပန်းထိမ်' အမည်ဖြင့် ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်ရာ ဦးဇော်ဝင်း (ဘ)ဦးမောင်ခင်ကြည်သည် ကျွန်ုပ်အမှုသည်၏ ပန်းထိမ်လုပ်ငန်းတွင် အလုပ်သမားအဖြစ် ဝင်ရောက် လုပ်ကိုင်နေသူဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်မှ ရွှေထည်ပြုလုပ်ရန် ပေးအပ်ထားသော ရွှေများအား ဦးဇော်ဝင်းသည် မိမိကိုယ်ကျိုးအတွက် အသုံးပြု၍ ရယူပြီး ထွက်ပြေးသွားခဲ့ပါသည်။ ယနေ့တိုင်အောင်လည်း ပြန်လည်ပေးအပ်ခဲ့ခြင်း မရှိပါ။ သို့ဖြစ်ပါ၍ ဦးဇော်ဝင်း ရယူသွားသော ရွှေများအား ဤကြော်ငြာပါသည့်နေ့မှ ၇ရက်အတွင်း လာရောက် ရှင်းလင်းပေးအပ်ပါရန်နှင့် မပေးအပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်ဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးဝင်း	**ဦးထွန်းအောင်**
LL.B(ဥပဒေတွဲ)	**LL.B(ဥပဒေတွဲ)**

အထက်တန်းရှေ့နေများ
အမှတ်(၈၃)၊ (ပ)ထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

လေလံကြော်ငြာ

၁။ အားကစားဝန်ကြီးဌာန၊ ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီမှ အသုံးမလိုပို၍လျှော်လျက်ရှိပြီး အသင့်အသုံးပြုနိုင်သည့် (၄ခ)နစ်ဆန်း အမျိုးအစား (လုပ်ငန်းလိုင်စင်လျှော်ထားဆဲ) ယာဉ်တစ်စီးကို မျက်မြင်အခြေအနေအတိုင်း (၂၃-၆-၂၀၀၄)ရက် နံနက် ၁၀:၀၀ နာရီတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

၂။ လေလံစည်းကမ်းချက်များကို တစ်စုံလျှင်ကျပ်၁၀၀၀နှုန်းဖြင့် အား/ကာ ဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစု၊ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် (၁၁-၆-၂၀၀၄) ရက်မှ (၂၂-၆-၂၀၀၄) ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက တယ်လီဖုန်း အမှတ် ၃၇၀၆၀၆၊ ၃၇၃၃၀၇-၂၀၈၊ ၃၇၃၃၀၇-၂၁၀ ထံ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိတ်ပိတ်တင်ဒါ (Sealed Tender)များပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(1) Paints
(2) MS Plate, Angle, Channel, R.S.J
(3) Electrode, Co 2 Coil, Grinding Disc
(4) Bolt, Nut, Screw, Washer, Drill
(5) Foam Rubber, Artificial Leather, Shamoy
(6) Electrical Equipment, Ply Wood
(7) GI Pipe & Accessories
(8) 2 Volt Battery, Sulphuric Acid
(9) Spare Parts for Coach

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်	-	၂၄-၆-၂၀၀၄ (ကြာသပတေး) (၁၂:၀၀) နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်	-	၂၄-၆-၂၀၀၄ (ကြာသပတေး) (၁၄:၀၀) နာရီ

၂။ တင်ဒါပုံစံများကို အောက်ပါဌာနတွင် ၁၀-၆-၂၀၀၄ နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ပြီး အသေးစိတ် အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယ အထွေထွေမန်နေဂျာ (ထောက်ပံ့ဌာန)
မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ရန်ကုန်မြို့
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၁၃

အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့်
အကြောင်းကြားစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမ အထွေထွေမှုအမှတ် - ၃၆

(ကွယ်လွန်သူ ဦးတင်အေး၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၁)၊ စကားဝါလမ်း၊ အမှတ် ၃၈၆ နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ရပသ(နိုင်)၀၂၃၄၉၇ ကိုင်ဆောင်သူ ဒေါ်မြမြသိန်းက ကွယ်လွန်သူ ဦးတင်အေး၏ သမီးလတ်ဖြစ်သည်ဟူ၍ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူဦးတင်အေး၏ ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း ဤတရားရုံး၌ လျှောက်ထားသည်ဖြစ်၍ ကွယ်လွန်သူဦးတင်အေး၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ မည်သူမဆို ဤတရားရုံးသို့ ၂၀၀၄ ခုနှစ် ဇွန်လ ၂၁ ရက် (၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၅ ရက်)နေ့ နံနက် ၁၀ နာရီအချိန်တွင် လာရောက်၍ အမှုဆိုင်နိုင်ကြောင်း ကြေညာလိုက်သည်။ ယင်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်မြမြသိန်း၏ လျှောက်လွှာကိုကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ် ရသင့်မရသင့် စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ခင်ခင်လှ(တ-၁၅၄၄)
B.A(Law), LL.B.
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

အမည်မှန်

ဦးဒယ်နီရယ်(ခ)ဦးဇော်သန့်၏ သားသမီးများဖြစ်ကြသော အထက (၃) လှိုင်၊ ဒသမတန်းမှ မမြနန်းကေသီ၏ အမည်မှန်မှာ မမြနန်းကေသီ(ခ)မဖေလောရင်(မ်)ဟု လည်းကောင်း၊ အထက (၁) ဗိုလ်တထောင်၊ သတ္တမတန်းမှ မောင်ရန်ပိုင်ထွန်း၏ အမည်မှန်မှာ မောင်ရန်ပိုင်ထွန်း(ခ) မောင်ဂီးလ်ဆက်ဖြစ်ပါကြောင်း။

အမည်မှန်

ဒေါ်ဘဲနဒင်း၏ သမီး အထက (၁) တာမွေ ဒသမတန်းမှ မမိုးမိုးဦး၏အမည်မှန်မှာ မမိုးမိုးဦး (ခ) မပေါ်လင်းဖြစ်ပါကြောင်း။

အမည်ပြောင်း

အဖ(ဦးဆလွန်း)၏ သား မောင်သောကြာအောင် (ပ/နှစ် ဥပဒေ၊ စစ်တွေ အဝေးသင် တက္ကသိုလ်)အား မောင်နေသူစိုးဟုပြောင်းလဲ ခေါ်ပါရန်။

မောင်နေသူစိုး။

အမည်ပြောင်း

အဖ ဦးမျိုးဇော်၏သား အလက(၇) တ/၃ တတိယတန်း(A)မှ မောင်သော်ထူးလွင်အား မောင်လွှမ်းမိုးအောင် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လွှမ်းမိုးအောင်။

အမည်ပြောင်း

အဖ ဦးသိန်းမောင်၏ သမီး မအေးမြနန္ဒာကို ယနေ့မှစ၍ မအေးမြသန္တာဟု ပြောင်းလဲခေါ်ပါရန်။

မအေးမြသန္တာ။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမိုးမိုးနွယ် ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် အမှတ် ၂၄၉၉၈၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါ။ ကျေးဇူးဆပ်ပါမည်။

ဒေါ်မိုးမိုးနွယ်
ဖုန်း-၅၂၅၆၇၀၊ ၆၈၁၉၉၄

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ထားဝယ်မြို့ ကညွှံ့ရပ် စာတိုက်လမ်းနေ (ဦးအိပ်ချ်ကေဒတ်)-ဒေါ်ခင်သန်းတို့၏သမီး မတင်ကြည်(ခ)မစန်းစန်းရီ နိုင်ငံသားမှတ်ပုံတင်အမှတ် ၆/ထဝန(နိုင်)၀၇၅၅၉၁ သည် မိဘ၏ ဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။

ဒေါ်ခင်သန်း
၆/ထဝန(နိုင်)၀၇၅၅၈၉

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သားဖြစ်သူ မောင်လှမြင့်ဦး ၁၂/သဃက(နိုင်)၀၆၃၄၅၂ သည်မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် သဘောမတူသည့် ကိစ္စရပ်များအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၂၃-၅-၂၀၀၄ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးလှရွှေ-ဒေါ်မြင့်မြင့်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း ကျေးဇူးတင်လွှာ

ကလောမြို့၊ စစ်ဦးစီးတက္ကသိုလ်နေ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ
(နည်းပြမှူး-စစ်ဦးစီးတက္ကသိုလ်)-ဒေါ်ခင်နီကျော်(အထပြ၊ ငြိမ်း)
တို့၏သား

မောင်ကြည်ဖြိုးထက်ဆွေ
(MAC Design) Incheon City, Korea

နှင့်

ပုသိမ်မြို့၊ ခြံအမှတ် (၁)၊ ဖက်တန်းလမ်းနေ
ဦးအေးကျော်(အလုပ်အမှုဆောင်-မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများ
အသင်း)-ဒေါ်ခင်အေးမူ(အနန္တ ဂုဏ်ရည်သစ်ခွဲစက်နှင့်လျှော်ထိုးစက်)
တို့၏သမီး

မစုသစ္စာကျော် (Final Year, English)

တို့၏၃-၆-၂၀၀၄ ရက်တွင် ပုသိမ်မြို့၊ ခြံအမှတ် (၁) ၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေနှင့်တကွ စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကြည်ဖြိုးထက်ဆွေ-မစုသစ္စာကျော်။

သတ္တုဗေဒ အင်ဂျင်နီယာ နှစ် (၅၀)ပြည့် ရွှေရတု

သတ္တုဗေဒအင်ဂျင်နီယာ (Metallurgical Engineer) နှစ်(၅၀)ပြည့် ရွှေရတုသက်ကြီး အာစရိယပူဇော်ပွဲ၊ စာတမ်းဖတ်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၄ခုနှစ် နိုဝင်ဘာလအတွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သတ္တုဗေဒအင်ဂျင်နီယာဘွဲ့ရများအားလုံး ဖော်ပြပါဖုန်းနံပါတ်များနှင့် ပုဂ္ဂိုလ်များသို့ ဆက်သွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်

၁။ ဒေါက်တာဒေါ်ဗွီဆိုင်းမွန်း ၀၁-၆၄၂၄၀၉
၂။ ဦးညွန့်ငွေး ၀၁-၇၀၈၈၆၁
၃။ ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦး ၀၉၈၀၃၄၃၈၅/ ၀၃၁၂၅၆၇၂
၄။ ဒေါ်သန်းသန်းအေး ၀၁-၆၄၀၀၃၅
၅။ ဦးသံဆင်မြင့်-ဒေါ်ခင်မြင့်လှိုင် ၀၁-၅၃၉၅၂၈/ ၀၁-၅၆၂၃၄
၇။ ကိုမင်းမင်းမောင် ၀၉၅၀၁၅၁၃၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့ ချိပ်ပိတ်ဈေးနှုန်းလွှာများ ခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)တွင် တပ်ဆင်အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ် ပစ္စည်းအမျိုးအမည်

(က) ရေတွန်းစက် ခြောက်လုံးနှင့် ဆက်စပ်ပစ္စည်းများ
(ခ) ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းသုံး လျှပ်စစ်ပစ္စည်းများ

ဈေးနှုန်းလွှာများကို ၂၅-၆-၂၀၀၄ရက် ညနေ ၄ နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနခွဲ၊ ဖုန်း-၂၈၂၅၃၄၊ ၂၄၉၆၅၅၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

မုံရွာတက္ကသိုလ် အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ (Dip, E.L.T) သင်တန်းခေါ်ယူခြင်း

၁။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဘွဲ့လွန်အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာ (Dip, E.L.T) (၁)နှစ်သင်တန်း တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံးပညာအရည်အချင်းမှာ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုမှ ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။

၂။ သတ်မှတ်ထားသောပုံစံဖြင့် မုံရွာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ၁၈-၆-၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ၂၅-၆-၂၀၀၄ ရက်နေ့တွင် မုံရွာတက္ကသိုလ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (အောင်မြင်သူများကို လူတွေ့စစ်ဆေးမည်)

၄။ ဘွဲ့လွန်အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ (Dip, E.L.T) သင်တန်း တက်ရောက်လိုသူများသည် အစိုးရလုပ်ငန်းနှင့် အခြားလုပ်ငန်းများတွင် လုပ်ကိုင်နေသူဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်ပါရှိရမည်။

၅။ အသေးစိတ်အချက်အလက်များကို ၎င်းတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

စာရေးသူ
ဌာနမှူး၊ သင်တန်းရေးရာ
မုံရွာတက္ကသိုလ်။



မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အလက (၃) အဋ္ဌမတန်း (A)မှ အဖ ဦးမြင့်လွင်၏သား မောင်မိုးသီဟ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၀-၈၉ ဖြစ်ပါသည်။



ဝမ်းနည်းကြေကွဲခြင်း

ဦးတော့ရင်(ခ)ရှီးသောက်ယုံ
အင်းဝမုန့်တိုက်(ပုဂံ-ညောင်ဦး)
အသက်(၆၉)နှစ်

ညောင်ဦးမြို့၊ လမ်းမတော်နေ ဒေါ်သီး(ခ)ဒေါ်တင်တင်၏ ခင်ပွန်းသည် ၂၉-၅-၂၀၀၄ရက် တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသောင်းမြင့်-ဒေါ်ခင်ဆွေမြင့်
ခရိုင်အင်ဂျင်နီယာမှူး၊ မိတ္ထီလာမြို့။

ကျေးဇူးတင်ရှိခြင်း

၇-၆-၂၀၀၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော (ကိုညီညီခိုင်) ပုသိမ်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေ အပေါင်းအသင်း မိတ်သင်္ဂဟတို့အား ကျန်ရစ်သူ မိသားတစ်စုတို့က ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားတစ်စု။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကျော်ဖြိုးဝေ (IM-I)၏ ဖခင် ပါမောက္ခ Dr.ဦးညွန့်ဝေ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

သူငယ်ချင်းများ - ကိုကိုမောင်၊ ပြည့်ဝင်းထွဋ်၊ ပြည့်ဖော်ဦး၊ ကျော်မင်းညွန့်၊ ကျော်မင်းမင်းထွန်း၊ ကျော်စံမောင်၊ ကျော်မျိုးနိုင်။

ဝမ်းနည်းကြေကွဲခြင်း

ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၄၁)မှ သူငယ်ချင်းဒုရဲအုပ် သက်နိုင်စိုးသည် ၆-၆-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ဒုရဲအုပ်လောင်းသင်တန်း
အမှတ်စဉ်(၄၁)မှ
သူငယ်ချင်းများ။

သတ္တုဗေဒအင်ဂျင်နီယာ နှစ်(၅၀)ပြည့် ရွှေရတု

သတ္တုဗေဒအင်ဂျင်နီယာ (Metallurgical Engineer) နှစ်(၅၀)ပြည့် ရွှေရတုသက်ကြီး အာစရိယပူဇော်ပွဲ၊ စာတမ်းဖတ်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၄ခုနှစ် နိုဝင်ဘာလအတွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သတ္တုဗေဒ အင်ဂျင်နီယာဘွဲ့ရများအားလုံး ဖော်ပြပါ ဖုန်းနံပါတ်များနှင့် ပုဂ္ဂိုလ်များသို့ ဆက်သွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်

၁။ ဒေါက်တာဒေါ်ဗွီဆိုင်းမွန်း ၀၁-၆၄၂၄၀၉
၂။ ဦးညွှန့်ဌွေး ၀၁-၇၀၈၈၆၁
၃။ ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦး ၀၉-၈၀-၃၄၃၈၅ / ၀၃၁-၂၅၆၇၂
၄။ ဒေါ်သန်းသန်းအေး ၀၁၆-၄၀၀၃၅
၅။ ဦးသံဆင်မြင့်-ဒေါ်ခင်မြင့်လှိုင် ၀၁၅-၃၉၅၂၈ / ၀၁၅-၆၂၃၃၄
၆။ ဒေါ်ဥမ္မာခင် ၀၁-၇၀၅၇၂၁
၇။ ကိုမင်းမင်းအောင် ၀၉-၅၀-၁၅၁၁၂

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်တက္ကသိုလ်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်တက္ကသိုလ်)၏ အစီအစဉ်ဖြင့် သင်္ချာဌာနကကြီးမှူးပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ ဖွင့်လှစ်မည့်သင်တန်း - °Applied Computing Course °1/2004
၂။ သင်တန်းအောင်လက်မှတ် - °Certificate
၃။ ရှေ့ဆက်လက်တက်ရောက်နိုင်မည့်သင်တန်း - °Advanced Computing °Course
၄။ သင်တန်းဝင်ခွင့်အရည်အချင်း - တက္ကသိုလ်ဝင်တန်းအောင်
၅။ သင်တန်းကာလ - ၆ လ
၆။ သင်တန်းစတင်ဖွင့်မည့်ရက် - ၂၀၀၄ခုနှစ် ဇူလိုင်လ ၁ရက်
၇။ စတင်လက်ခံမည့်ရက် - ၂၀၀၄ခုနှစ် ဇွန်လ ၂၁ရက်
၈။ ဆက်သွယ်ရန်လိပ်စာ - အခန်း(S-104)သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်
၉။ အသေးစိတ်အချက်အလက်များကို သင်္ချာဌာန ဖုန်း-၅၃၆၃၇၆ ရန်ကုန်တက္ကသိုလ်တွင် စုံစမ်းနိုင်ပါသည်။

ဖခင်အမည်မှန်

အထက ကျောက်တံတား (VI-A)မှ မအေးပြည့်စုံဦးနှင့် အမက(၄) ကျောက်တံတား သူငယ်တန်းမှ မမေဦးခိုင်တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/သဃက (နိုင်) ၀၈၃၁၅၀အရ ဦးဝင်းဆန်း ဖြစ်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ်-၈/၇၅၄၄ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် ၂၄/၂၀၀၄ (၂၀၀၄ ခုနှစ်၊ ဇွန်လ ၃ ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန (ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီး ပြည်သူ့ဆေးရုံကြီး)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	
လုပ်ငန်းအရာရှိ (ရူပဗေဒ)	မဟာသိပ္ပံဘွဲ့(ရူပဗေဒ)(သို့မဟုတ်) မဟာသိပ္ပံဘွဲ့(အင်ဂျင်နီယာရူပဗေဒ)	၂ နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၆-၇-၂၀၀၄ရက်တွင် အသက် (၃၅)နှစ် ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) လုပ်ငန်းသဘာဝအရအမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆-၇-၂၀၀၄ ရက် အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀ိ/ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ဖြင့်ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိရမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကိုလျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆-၇-၂၀၀၄ရက် အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၂၄-၇-၂၀၀၄ရက်နှင့် ၂၅-၇-၂၀၀၄ရက်များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၂-၇-၂၀၀၄ရက်မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း

ဦးခင်မောင်ငယ်
အသက်(၄၇)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ စေတနာလမ်း၊ အမှတ် ၂ နေ (ဗိုလ်ကြီးမောင်ကလေး၊ ငြိမ်း)-ဒေါ်ခင်မမကြီးတို့၏သား၊ ဒေါ်ဝေမာလွင်၊ ဗိုလ်ကြီးခင်အောင်ထွန်း(ငြိမ်း)-ဒေါ်ဆွေဆွေမြင့်၊ ဦးခင်မောင်ကြီး(Sunflower၊ အထည်ချုပ်)-ဒေါ်ခင်မာတင်တို့၏ညီ၊ ဦးခင်မောင်သန်း (Sunflower၊ အထည်ချုပ်)၊ ဦးခင်မောင်ဆန်း-ဒေါ်တင့်တင့်လှိုင် (ဒဂုံတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန)၊ ဦးအောင်သန်းတိုး (စန်းသော်တာကုမ္ပဏီ)၊ ဒေါ်ခင်မြတ်သင်း(သူရိယပုံနှိပ်မင်)တို့၏အစ်ကို၊ မသန္တာထွန်း၊ မဝင်းလဲ့အောင်၊ မောင်ကောင်းခန့်ဟိန်း၊ မယွန်းဆုလှိုင်တို့၏ ဦးလေးသည် ၈-၆-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးလှမြင့် (Kenny) လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အသက်(၇၂)နှစ်

ကျေးဇူးရှင်ဆရာကြီး ၆-၆-၂၀၀၄ရက်တွင် ကွယ်လွန်သည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာ ဆရာမဟောင်းများ၊ စက်မှုဆရာဖြစ်သင်သိပ္ပံ၊ အင်းစိန်။

ကျေးဇူးတင်ရှိခြင်း

အနန္တကျေးဇူးရှင်ဖခင်ကြီး ဦးခင်သိန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အခွန်အယူခံရုံး)အား ဆေးဝါးကုသပေးခဲ့ကြသော မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံရှိ အထူးကုဆရာဝန်ကြီးများ၊ စင်ကာပူတွင် ဆေးကုသနိုင်ရန် အကူအညီပေးခဲ့ကြသော မိတ်ဆွေများ၊ လိုလေသေးမရှိ အကူအညီပေးခဲ့ကြသော မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊အရာထမ်း၊ အမှုထမ်းများ၊ ပန်းခြင်း ပန်းခွေများပေးပို့ခြင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်းဖော်ပြခြင်း၊ ကြေးနန်း၊ ဖက်စ်၊ အီးမေးလ်များဖြင့် ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခြင်း၊ ကိုယ်တိုင်လာရောက်သတင်းမေးခြင်းနှင့်ဖခင်ကြီး၏နောက်ဆုံးခရီးတွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်းပြုကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှမိတ်ဆွေများ၊ ကုမ္ပဏီများနှင့် ဝတ်ရွတ်ပေးသော မြန်မာ့အာမခံလုပ်ငန်း ဝတ်အဖွဲ့တို့ကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန်(ခ) အာကြီး
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ၊ တိုက် ၂၃၊ အခန်း ၂၁ နေ (ဦးစိန်-ဒေါ်ကြိုင်)တို့၏သမီး၊ ဦးဇော်ဝင်း-ဒေါ်စိုးရီတို့၏ညီမ၊ ဒေါ်စန်းစန်းမြင့်(ရွှေဂုံတိုင် ကလေးပြုစုရေး)၏မိခင်၊ (ဦးထွန်းမင်း)-ဒေါ်ညိုညိုဝင်း၊ဦးခင်ဇော်-ဒေါ်နီနီဝေ၊ ဦးခိုင်ဇော်၊ ဦးအောင်ဇော်-ဒေါ်နီလာသိန်း၊ ဒုတိယဗိုလ်မှူးကြီးအန့်ဇော်-ဒေါ်ကေသွယ်မျိုးတင့်၊ ဒေါ်သူဇာဝင်း၊ ဦးအေးကျော်ကျော်-ဒေါ်နန်းတင်တင်အောင်တို့၏မွေးစားမိခင်၊မြေးကိုးယောက်တို့၏အဘွားသည် ၁၀-၆-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၆:၀၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစံလှအောင် (သန်လျင်)
ရုံးအုပ်(အငြိမ်းစား) သိမ်ဖြူသင်္ဘောကျင်း (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ တောင်ဒဂုံမြို့နယ်၊ (၁၈/E)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ် ၁၂၀နေ (ဦးချစ်ဖေ-ဒေါ်မုန်း)တို့၏သား၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဦးချစ်ဆွေ(MPE-ရေနံ၊ သယ်ပို့ဌာန)-ဒေါ်ဟယ်လင်(ဆက်သွယ်ရေး)၊ဦးညွှန့်ဆွေ(Shwe and Nyunt Engineering Services)-ဒေါ်မာမာအေး၊ ဒေါ်ကြည်ကြည်ဆွေ (ရုံးချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၀-၆-၂၀၀၄ရက် နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။



SILVER HAWK တာယာဝယ်ယူအားပေးလျက်ရှိသော မိတ်ဟောင်းမိတ်သစ်များအတွက်

- မိုးတွင်းကာလနှင့်ကိုက်ညီသော ပန်းအမျိုးအစားများ ဝယ်ယူသူအကြိုက် ဆောင်ရွက်ပေးလျက်ရှိခြင်း။
- ပန်းစားနှုန်းသက်သာ၍ အသုံးပြုရာတွင် တွက်ခြေကိုက်မှုရှိခြင်း။
- ကွန်ပေါင်းသားအပေါ် အာမခံချက်ပေးထားခြင်း။
- Door to Door စနစ်ဖြင့် ဝန်ဆောင်မှုပြုလုပ်ပေးခြင်း။
- ဝယ်ယူမည့် တာယာအလုံးရေ အနည်းအများအလိုက် (၆)လုံး၊ (၁၀)လုံး ဈေးနှုန်းလျှော့ပေးခြင်းတို့ကို ဝယ်ယူသူများစိတ်ကြိုက်အချိန်မီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။

SILVER HAWK တာယာပန်းတင်စက်ရုံ
အမှတ် ၁၅၉၊ မြင်းဝန်ဦးအောင်သူလမ်း၊ စက်မှုဇုန်(၂)၊ လှိုင်သာယာ၊ ဖုန်း-၀၁-၇၂၄၈၂၇၊ ၀၉-၉၉-၂၆၃၉၄၊ ၀၁-၇၀၅၂၃၁။

ကောင်ဝေဟိုး(ခ)ဦးကင်းဟုာ (ထားဝယ်၊ကံပေါက်)
အသက်(၉၁)နှစ်

ထားဝယ်မြို့၊မြောက်ရွာရပ်၊ဆေးရုံလမ်း၊ အမှတ် ၅၅၇ နေ ဒေါ်ရှုတင်၏ခင်ပွန်း၊ ဦးကင်မြင့်-ဒေါ်အေးဝင်း၊ ဒေါ်အေးအေး၊ ဦးချိန်ဝင်း-ဒေါ်လေးလေး၊ ဦးထွန်းအောင်-ဒေါ်ချိုချို၊ ဦးကင်ရီ-ဒေါ်မေမေသန်း၊ ဦးကင်ကြူး-ဒေါ်ဖြူဖြူအေး၊ ဦးစိုးသိန်း-ဒေါ်မိမိရှိန်၊ မမိမိစိန်၊ ဦးလှခင်-ဒေါ်ကင်ဌွေးတို့၏ဖခင်၊ မြေး ၁၅ ယောက်တို့၏ အဘိုးသည် ၇-၆-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀:၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကူးတို့တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ညွှန့် (ပခုက္ကူမြို့)
အသက်(၈၇)နှစ်

ပခုက္ကူမြို့၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ ပခုက္ကူမြို့၊ ဖလံအိုကျေးရွာကျောင်းတိုက်၊ နာယက ဆရာတော် (ဘဒ္ဒန္တစန္ဒာသီရိ)၊ ပခုက္ကူမြို့၊ သီရိပဝရဓမ္မာစရိယစာချဆရာတော်(ဘဒ္ဒန္တစိတ္တိတ)၊ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ် ဘဒ္ဒန္တသောဘန၊ စံပြကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇဋိလ၊ စံပြကျောင်း ဆရာတော် ဘဒ္ဒန္တဇောတိက ဆရာတော်ကြီးများ၏ ရဟန်းမယ်တော်၊ ပခုက္ကူမြို့၊ ဖလံအိုတိုက်နယ်သူကြီး (ဦးဖိုးမြ-ဒေါ်ဒန်းရင်)တို့၏သမီး၊ရာဇဝတ်ဝန်(ဦးဘ-ဒေါ်စိန်ဘွင့်)တို့၏သမီးချွေးမ၊ ၉၇(ဘီ)၊ ဦးရေခဲလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့နေ EX. O.S.E Representative (ဦးကိုကိုကြီး)၏ဇနီး၊ ပခုက္ကူမြို့၊ (ဒေါ်ခင်ရွှေ)၊ (ဦးဘလတ်)၊ (ဒေါ်စိန်မိ)တို့၏ညီမ၊ (ဦးတင်)၊ (ဒေါ်ခင်ကြည်)တို့၏အစ်မ၊ ဦးမောင်မောင်ကြီး-ဒေါ်နွဲ့နွဲ့အောင်(မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)တို့၏မိခင်၊ မမြသက်မောင်(နဝမတန်း-G°၊ T.T.C)၊ မောင်မြသူမောင်(သတ္တမတန်း-J°၊ T.T.C)တို့၏ အဘွား၊ (ဗိုလ်မှူးဘလင်းချစ်)-ဒေါ်ခင်ထားလတ်၊ ဒေါ်တင်တင်လှ(ငြိမ်း၊ သမဝါယမဦးစီးဌာန)၊ မန္တလေးမြို့နေ ဦးခင်မောင်ကြီး-ဒေါ်တင်တင်ဝင်း၊ ပခုက္ကူမြို့နေ ဦးကျော်လွင်-ဒေါ်လှလှဝင်း၊ ဦးသိန်းထွန်း၊ ဒေါ်ခင်စန်းဝေတို့၏ ကြီးဒေါ်သည် ၉-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၅၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ၉၇(ဘီ)၊ ဦးရေခဲလမ်း၊ မရမ်းကုန်း နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု။

ဦးသောင်း(ခ)လင်တျောင်ရုတ်
အသက်(၈၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅ လမ်း၊ အမှတ် ၃၅(ပထမထပ်)နေ (ဒေါ်ရှုရင်)၏ခင်ပွန်း၊ ဦးစင်ချိန်ဘုတ်-ဒေါ်တင်တင်၊ ဦးတင်အောင်-ဒေါ်တင်လေး၊ဒေါ်တင်မြင့်၊ဦးညွှန့်ရွှေ-ဒေါက်တာတင်တင်ဝင်းတို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ကူရရှစ်အက္ကဘာရီဘီဘီ(ခ) မမီမီဝင်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၉၊ ၄၄ လမ်းနေ [ဦးမွတ္တ(စ်)ဖာ-ဒေါ်စကီနာဘီဘီ]၊ သန်လျင်မြို့၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ (ဦးဂျာမွတ်-ဒေါ်အစီယာ)တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ် ၆၅/၇၊ မြေညီထပ်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးစံသိန်း-ဒေါ်စိန်စိန်တို့၏ဒုတိယသမီး၊ မန္တယ်နွယ်ဝင်း၏ညီမ၊ မောင်စိုးဝင်း-မလှလှနွယ်၊ မနိုင်နိုင်ဝင်း၊ မမာလာဝင်း၊ မောင်ဌွေးဝင်း၊ မောင်ထွန်းဝင်း၊ မသီသီဟန်တို့၏အစ်မ၊ မောင်ဝေဖြိုးဦး၊ မဆုလေးနွယ်တို့၏အဒေါ်သည် ၁၁-၅-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၄:၁၀ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပြီဖြစ်ပါ၍ ယင်းနေ့ မွန်းလွဲပိုင်း ဖိုဟိုရ်နမာဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊တံတိုင်းဒါယိကာမကြီး
ဒေါ်မြင့်မြင့်သိန်း
အမက-၂၊ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) (ဘီးလင်း)
အသက်(၇၈)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဘိုးရာဇာရပ်ကွက်၊ အရှေ့မဟာဗောဂလမ်းနေ (ဦးမောင်ဟန် - ဒေါ်ကြူးသင်း)တို့၏သမီးထွေး၊ (ဦးအောင်ရှိန်-ဒေါ်သန်းမြင့်)၊ (ဦးကျော်ညွှန့်-ဒေါ်လွန်းခင်)၊ (ဦးအုန်းသွင်-ဒေါ်စန်းကြည်)၊ (ဦးငွေထွန်း-ဒေါ်တင်လှ)၊ (ဗိုလ်ကြီးဘကိုး)-ဒေါ်သန်းရီ၊ ဦးခင်ညွှန့်-ဒေါ်စိန်သန့်၊ ဒေါ်မေမေခင်တို့၏ညီမ၊ ဒေါ်လှတင်၊ ဒေါ်တင်စိန်တို့၏အစ်မ၊ တူ တူမ ၁၉ ယောက်တို့၏အဒေါ်သည် ၉-၆-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၀၄ ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ကြည် (မအူပင်)
အသက်(၇၆)နှစ်

မအူပင်မြို့နေ (ဦးအုန်းဖေ-ဒေါ်သန်းခင်)တို့၏သမီး၊ ဦးစန်းမောင်-ဒေါ်အေးမြင့်၊(ဦးလှအောင်)-ဒေါ်တဆုပ်တို့၏ညီမ၊ (ဦးသိန်းညွှန့်)-ဒေါ်ခင်ကြည်၊ (ဦးမောင်ဥ)-ဒေါ်သိန်းကြည်တို့၏အစ်မ၊ (ဦးခင်မောင်လေး)၏ဇနီး၊ ဦးအာယု-ဒေါ်သင်းသင်းယု၊ ဦးလင်းဇော်စိုး-ဒေါ်တင်တင်လှ(ဒုရဲအုပ်၊အပတ်စဉ်-၁၄)၊ဦးဝဏ္ဏ-ဒေါ်နွဲ့နွဲ့အေး၊ဦးသုခ-ဒေါ်နှင်းနှင်းလွင်၊ ဦးမျိုးဆွေ-ဒေါ်ဥမ္မာ၊ ဦးအောင်ဗိုလ်ဝင်း - ဒေါ်နီလာတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၁၀-၆-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၉:၃၅ နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊သုမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ ကေတုမာလာရိပ်သာ၊ အမှတ် ၈၁/က နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအေးမင်း
(ဆ)ရပ်ကွက်၊သာသနာ့ပါလ ဓမ္မာရုံ၊ဂေါပက(ဒု-ဥက္ကဋ္ဌ)
အသက်(၇၀)

ဟင်္သာတမြို့နယ်၊ မယ်ဇလီကုန်းရပ်နေ (ဦးထွန်းရှင်-ဒေါ်လှရင်)တို့၏သား၊ ရေနံချောင်းမြို့ အေဝမ်း(ဦးတင်-ဒေါ်တုတ်)တို့၏သားသမက်၊ ဦးမောင်ကို-(ဒေါ်ခင်စိန်)တို့၏ညီ/မောင်၊ မြောက်ဥက္ကလာပမြို့နယ်၊(ဆ)ရပ်ကွက်၊ခေမာသီ ၃ လမ်း၊ အမှတ် ၇၃ နေ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ကိုဇော်မင်းဦး၊ ကိုဝင်းနိုင်-မမိုးမမင်း၊ ကိုစိုးလွင်ဦး-မနှင်းမမင်း၊ (ကိုအောင်သူရ) - မမင်းမင်းသန့်၊ ကိုအောင်သူရမင်း-မစန္ဒာဦး၊ ကိုကျော်သူရမင်း-မခင်မြင့်၊ ကိုထွန်းသူရမင်း-မသက်မာဝင်း၊ကိုဇော်လင်းမင်း-မကြည်ကြည်ဝင်းတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၇-၆-၂၀၀၄ရက် (တနင်္လာနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်စိုး
အရာခံဗိုလ်(ငြိမ်း)
အသက်(၆၆)နှစ်

ပျဉ်းမနားမြို့၊ ရွာတော်နေ (ဦးလှ-ဒေါ်အေးခင်)တို့၏သား၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ အမှတ် ၈၅၅/က၊ သာစည်လမ်း၊ (၈၂/၃၃/၁၀)ရပ်ကွက်နေ ဦးဝင်းနိုင်စိုး-ဒေါ်ခင်နှောင်း၊ ဦးညွှန့်နိုင်စိုး-ဒေါ်နီနီဝင်း၊ ဦးမြင့်နိုင်စိုး(ဆရာဒိုင်း)၊ ဦးသန်းနိုင်စိုး-ဒေါ်ကြူကြူ၊ မခင်မျိုးထွေး၊ မကြည်မိုးထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်ကြည်ကြည်သန်း၏ခင်ပွန်းသည် ၁၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်
ငွေစာရင်းအရာရှိ(ငြိမ်း) (မြန်မာ့မီးရထား)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၂၊ ကွက်သစ်လမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဦးဖိုးလှ-ဒေါ်အေးသူတို့၏သား၊ ဒေါ်နုနု၏ခင်ပွန်း၊ ဒေါ်ဆွေဆွေခင် (Team Leader, Pfizer Product Ltd.)၏ဖခင်သည် ၉-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ချန်ကင်ကြို့(ခ) ဒေါ်ကြည်လျှံ
အသက်(၉၀)

ရန်ကုန်မြို့၊လသာမြို့နယ်၊ ၁၈ လမ်း၊ အမှတ် ၅၇ နေ (တန်တုံဖန်း)၏ဇနီး၊ တန်ဂင်တွန့်၊ တန်ရန်လိန်း(ခ)ဦးချန်းဝင်း-ဒေါ်သီတာ၊ တန်ဟိုင်စွမ်း(ခ)ဦးမောင်ဝင်း-ဒေါ်ခင်ပြုံးချို(ခ)ချိုက်မေဟွားတို့၏မိခင်၊ တန်ဂေ့ဟုန်(ခ)ပြည့်ဖြိုးထက်၏အဘွားသည် ၆-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ညွှန့်စိန် (သထုံ)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၈၊ ဟင်္သာတလမ်းနေ (ဦးချစ်ဖေ-ဒေါ်သိန်းရွှေ)တို့၏သမီး၊ (ဦးစိန်ဝင်း-ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ (ဦးအောင်သန်း) (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး၊ ဦးဇော်ထွန်း၊ ဦးရဲထွဋ်-ဒေါ်ခင်ခင်ဝင်း၊ ဦးရဲညွှန့်-ဒေါ်မြင့်မြင့်စိန်၊ ဦးရဲအောင်-ဒေါ်သန်းသန်းအေး၊ ဦးရဲနောင်(ပင်စင်ဦးစီးဌာန)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၉-၆-၂၀၀၄ရက် ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်တင်
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်ကြင်မေ)တို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ အမှတ် ၇၇၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြင့်မြင့် (အမ္ဗာ၊ သိမ်ကြီးဈေး၊ ဒီရုံ)၏ခင်ပွန်း၊ ကိုဇော်မင်း-မသန္တာမွန် (စိန်ဖြိုးလက်ဖက်ခြောက်)၊ (ကိုမျိုးမင်း)၊ မနုနုယဉ်တို့၏ဖခင်၊ မောင်ခန့်သီဟ၏အဘိုးသည် ၁၀-၆-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၀၄ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကိုကို(ခ)ဦးမောင်ကို
(မင်္ဂလာဈေး)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ မြင့်မိုရ်လမ်း၊ မြေညီထပ်၊စမ်းချောင်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်လှ)တို့၏သား၊ ဦးတင်မောင်-ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်ခင်သန်းဝင်း၏ခင်ပွန်း၊ မချိုယဉ်ယဉ်၊ မချိုဝေဝေ၊ မောင်ကျော်သက်-မချိုလွင်လွင်တို့၏ဖခင်သည် ၁၀-၆-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပြီး မင်္ဂလာဈေးမှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အမျိုးသားညီလာခံအစုအဖွဲ့ အစည်းအဝေးဆက်လက်ကျင်းပ အစုအဖွဲ့သဘာပတိအဖွဲ့ဝင်များနှင့်စာတမ်းရှင်များညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၁၀

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်ကြသော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းရှင်တို့ ညှိနှိုင်းဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များ၊ စာတမ်းရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၂ ☆

ညှိနှိုင်းဆွေးနွေး

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို ခန်းမ (၈) ၌ ကျင်းပစဉ်။ (သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

မြန်မာ့ကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဇွန် ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်များအရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ အောင်လံမြို့တွင် ၂ဒသမ၀၅လက်မ၊ မင်းတပ်မြို့တွင် ၁ဒသမ၈၅လက်မ၊ တောင်ငူမြို့နှင့် မြိတ်မြို့တို့၌ ၁ဒသမ၇၇လက်မစီနှင့် မုံရွာမြို့တွင် ၁ဒသမ၆၅ လက်မတို့ဖြစ်ကြောင်း သိရသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအများအားဖြင့် အားကောင်းနေသည်။ စာမျက်နှာ ၈ ကော်လံ ၁ ▼

မြန်မာ - ဂျပန် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အောင်နိုင်ရေး လက်ရည်စစ်လူရွေးပွဲ ဇွန် ၁၂ ရက်နှင့် ၁၃ ရက်တို့၌ ကျင်းပမည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

မစ်ဒယ်ဝိတ်တန်းပြိုင်ပွဲတွင် ရွှေဆိုင်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဝမ်ချိုင်း၏အပြုံး။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ နိုင်ငံတကာပြိုင်ပွဲအတွက် ပဏာမရွေးချယ်ထားသော မြန်မာ့ရိုးရာလက်ဝှေ့သမားများလေ့ကျင့်ရာသို့ သွားရောက်တွေ့ဆုံပြီး လက်ဝှေ့အားကစားသမားများကို အားပေးစကားပြောကြားသည်။ ဝန်ကြီးက ယခင်ကျင်းပသွားသည့် နိုင်ငံတကာပြိုင်ပွဲထက် ပိုမိုကောင်းမွန်အောင် တိုးမြှင့် လေ့ကျင့်ရန်၊ နည်းစနစ်မှန်မှန်ဖြင့် မခိုမကတ်ဘဲ လေ့ကျင့်ရန်၊ မကြာမီကျင်းပမည့်ပြိုင်ပွဲတွင် ပြိုင်ဖက်များကို အနိုင်ထိုးသတ်၍ မြန်မာ့ရိုးရာလက်ဝှေ့အဆင့်အတန်းနှင့် မြန်မာတို့၏ ခွဲ၊သတ္တိကို နိုင်ငံတကာက သိအောင်ပြသနိုင်ရေး ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ကြရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မြန်မာ့ရိုးရာ လက်ဝှေ့အားကစားသမားများဖြစ်သည့် ဝမ်ချိုင်း(မြို့တော်စည်ပင်)၊ ရွှေဆိုင်း(ဘားအံ)၊ စောငမန်း(ဘားအံ)၊ နိုင်းဝမ်းလေး(မြို့တော်စည်ပင်)၊ စောဇော်လွင်(KLN)၊ ကျော်ဆန်း(KLN)၊ ဝင်းထွန်း(သစ်တော)၊ အေးဗိုလ်စိန်(လယ်/ဆည်)၊ စာမျက်နှာ ၉ ကော်လံ ၁ ✻

မစ်ဒယ်ဝိတ်တန်းပြိုင်ပွဲတွင် ဝမ်ချိုင်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရွှေဆိုင်း၏ဟန်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အင်္ဂါဂြိုဟ်မှကျောက်တုံးအသစ်များတွေ့

အင်္ဂါဂြိုဟ်၏ မျက်နှာပြင်တွင် တွေ့ရှိရသည့် ကျောက်တုံးအသစ်များကို တွေ့ရစဉ်။ **(အောက်ပုံ)**

အင်္ဂါဂြိုဟ်၏ မျက်နှာပြင်အနေအထားကို လေ့လာမှုပြုနေသော သိပ္ပံပညာရှင်များအနေဖြင့် အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှပေးပို့သော ဓာတ်ပုံများအရ အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် အသစ်တွေ့ရှိရသော ကျောက်တုံးများနှင့် ထူးခြားသောမျက်နှာပြင် အနေအထားကြောင့် သုတေသနပြုမှုတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ **(အင်တာနက်)**

ပျော့ပျောင်းစွာ ကပြဖျော်ဖြေ

ရုရှားနိုင်ငံ ကီယဗ်မြို့တွင်ကျင်းပသည့် တေးဂီတသံစဉ်နှင့်အညီ ကိုယ်လက်လှုပ်ရှားပျော့ပျောင်းစွာ ကပြရသည့် ဥရောပချန်ပီယံပြိုင်ပွဲတွင် ရုရှားအမျိုးသမီး အရီနာချက်ရှီနာက ဘောလုံးတစ်လုံးနှင့်အတူ သံစဉ်အလိုက် သူမ၏ပျော့ပျောင်းသောကိုယ်လက်အင်္ဂါကို သရုပ်ပြဖျော်ဖြေယှဉ်ပြိုင်နေသည်ကို တွေ့ရစဉ်။ **(အပေါ်ပုံ) (အေအက်ဖ်ပီ)**

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု လက်ရှိချန်ပီယံပြင်သစ်နှင့်အင်္ဂလန်ပွဲ အကြိတ်အနယ်ရှိမည် ဟော်လန်နှင့်ဂျာမနီပွဲ အုပ်စုတက်ရေးအစိကကျ

ကိုထွေး - စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၁၀

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (ʻEURO ʻ2004ʼ) စတင်ရန် တစ်ရက်သာလိုတော့သည့်အချိန်တွင် ပြိုင်ပွဲဝင်အသင်းများ ပေါ်တူဂီနိုင်ငံသို့ရောက်ရှိပြီး သက်ဆိုင်ရာအားကစားကွင်းများ၌လေ့ကျင့်ခန်းဆင်းလျက်ရှိကြသည်။ ပြိုင်ပွဲနီးကပ်လာသည်နှင့်အမျှ နည်းပြဆရာများက စာမျက်နှာ ၁၃ ကော်လံ ၁ ✡

ယူရို ၂၀၀၄ အိမ်ရှင်ပေါ်တူဂီအသင်း၏နည်းပြ စကိုလာရီက အသင်း ကစားကွက်ပုံစံကို အားကစားသမားများအား ရှင်းလင်းပြောကြားနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)